၁၉၉၅ ခု အောက်တိုဘာလမှစတင်၍ အပတ်စဉ်ထုတ်ဝေသည်

# Voice of Burma

Published by Voice of Burma Information Group Issue No.832, September 18, 2011

APTO 502, 7-18-1 , Takinogawa , Kita-Ku, Tokyo 114-0023, JAPAN
Tel/Fax: 81 3-3949-3919, E-mail: sayarkway@gmail.com , koko@gol.com

## မြန်မာနိုင်ငံမှာ စစ်မှန်တဲ့အပြောင်းအလဲအခြေအနေရောက်နေပြီဟု ဒေါ်စုပြောကြား

**VOA ၊ စက်တင်ဘာ ၁၅ ။** ။ မြန်မာနိုင်ငံမှာ စစ်မှန်တဲ့အပြောင်းအလဲအလားအလာကို မြင်နေရပြီလို့ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က ပြောပါတယ်။ ပထမဆုံးအကြိမ်အဖြစ်အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီမှာ ဒီကနေ့ကျင်းပတဲ့ အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့ အခမ်းအနားတွင်း ဒေါ်အောင်ဆန်းစုကြည်က အခုလိုမှတ်ချက်ပေးပြောဆိုခဲ့တာပါ။ ဒီကနေ့ ကျရောက်တဲ့အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့နဲ့ပတ်သက်လို့ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ရဲ့ မိန့်ခွန်းကောက်နုတ်ချက်တချို့ကို မသင်းသီရိက တင်ပြပေးထားပါတယ်။

စက်တင်ဘာ ၁၅ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့အဖြစ် ကမ္ဘာကြီးက သတ်မှတ်ကျင်းပနေပေမဲ့ မြန်မာနိုင်ငံသားအားလုံးအတွက်ကတော့ အခုအချိန်မှာ နေ့တိုင်းကို ဒီမိုကရေစီနေ့အဖြစ် သတ်မှတ်ပြီးအလုပ်များများလုပ်ဖို့လိုတယ်လို့မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က သူ့မိန့်ခွန်းအစမှာ ပြောခဲ့ပါတယ်။ အထူးသဖြင့်တော့ အစိုးရအပြောင်းအလဲတွေမှာ ဘယ်သူ့ကိုမှ နစ်နာမှုမရှိဘဲနဲ့ ငြိမ်းချမ်း ညင်သာစွာအပြောင်းအလဲလုပ်နိုင်ခြင်းဟာ ဒီမိုကရေစီစနစ်ရဲ့ အရေးအကြီးဆုံး လက္ခဏာတခုဖြစ်တယ်လို့ ဒေါ်အောင်ဆန်းစုကြည်က ဆိုပါတယ်။

"ကျမအတွက် ဒီမိုကရေစီစနစ်ရဲ့ အရေးအကြီးဆုံး လက္ခဏာတခုက ဘာလဲဆိုတော့ ဒီမိုကရေစီစနစ်အောက်မှာဆိုရင် အစိုးရ အပြောင်းအလဲများ လုပ်တဲ့နေရာမှာ တိုင်းပြည်လည်းမနာဘူး၊ ပြည်သူလည်းမနာဘူး။ အားလုံး အေးအေးချမ်းချမ်း သိက္ခာရှိရှိနဲ့လုပ်သွားနိုင်တာဖြစ်ပါတယ်။ အစိုးရများဆိုတာ သူ့အချိန်နဲ့သူ ပြောင်းလဲကြရမယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီလူတွေ ဒီလူတွေပဲ အုပ်စိုးနေတာ ဒီမိုကရေစီမဟုတ်တော့ဘူး။ ဒီမိုကရေစီစနစ်ကို လက်ခံတယ်ဆိုရင် အစိုးရ အပြောင်းအလဲတွေကိုလည်း လက်ခံရမယ်။"

"အဲဒီတော့ ဒီအပြောင်းအလဲတွေဟာ ညင်သာရမယ်၊ ငြိမ်းချမ်းရမယ်၊ သိက္ခာရှိရမယ်၊ ပြည်သူကိုမထိရဘူး၊ နိုင်ငံကို မထိရဘူး။ ဆင်းသွားတဲ့အစိုးရကိုလည်း မထိရဘူး၊ တက်သွားတဲ့ အစိုးရကိုလည်းမလိုလားအပ်တဲ့ အခွင့်အရေးတွေမပေးရဘူး။ အားလုံးဟာ မျှတတဲ့အခြေခံပေါ်မှာတည်ရှိရမယ်။ ပြီးတော့ စောစောတုန်းက ဘဘဦးတင်ဦးပြောသွားသလိုပေါ့၊ မေတ္တာတရားပေါ်မှာ တည်ရှိရမယ်။ ဒါကတော့ ကျမတို့ မြန်မာနိုင်ငံဒီမိုကရေစီစနစ်ရဲ့ အထူးလက္ခဏာတခုအနေနဲ့ တောင်ကျမဖြစ်စေချင်တယ်။"

အခုဆိုရင် မြန်မာနိုင်ငံမှာ အပြောင်းအလဲဖြစ်နိုင်မယ့် အခြေအနေတခုရောက်နေပြီလို့ ဒေါ်အောင်ဆန်းစုကြည်က ယုံကြည်ထားသလို ပြည်သူတွေအတွက် အကောင်းဆုံးဖြစ်မယ့် အပြောင်းအလဲတွေရအောင် ဝိုင်းပြီးကြိုးစားဖို့ လိုတယ်လို့လည်း တိုက်တွန်းပါတယ်။

"အခုဆိုရင် ကျမတို့နိုင်ငံဟာ အပြောင်းအလဲဖြစ်နိုင်တဲ့ အခြေအနေမှာရောက်နေပါတယ်။ အပြောင်းအလဲဖြစ်ပြီလို့လည်း ကျမမပြောချင်ပါဘူး။ ဒါပေမဲ့ ဒါ ကျမကလည်း လူသိရှင်ကြား ပြောပြီးသားဖြစ်ပါတယ်။ အပြောင်းအလဲဖြစ်နိုင်မယ့် အခြေအနေရောက်နေပြီလို့ ကျမယုံကြည်တယ်။ အပြောင်းအလဲဖြစ်နိုင်မယ့် အခြေအနေမှာ ရောက်နေပြီဆိုရင် ဒီအပြောင်းအလဲတွေဟာပြည်သူအတွက်အကောင်းဆုံး၊တိုင်းပြည်အတွက် အကောင်းဆုံးဖြစ်အောင်လို့ ဘယ်ပုံ ဘယ်နည်းနဲ့ လုပ်မလဲဆိုတာ လူတိုင်းလူတိုင်းဟာ တာဝန်သိသိနဲ့ လေးလေးနက်နက်စဉ်းစားရမှာ ဖြစ်ပါတယ်။"

စာမျက်နှာ ၅ သို့

ပူးပေါင်းဆောင်ရွက်ရေးနှင့် နိုင်ငံရေးအကျဉ်းသား လွတ်မြောက်ရေးဆက်နွယ် — စာမျက်နှာ ၃

နအဖစစ်ဗိုလ်ချုပ်များလာဘ်စားပုံကို ပေါက်ထွက်ကြေးနန်းစာ ဝီကီလိခ်တွင်ပါရှိ — စာမျက်နှာ ၇

အပြောင်းအလဲကြီးမာဟု သမတအကြံပေးပုဂ္ဂိုလ် ဦးကိုကိုလှိုင်က ပြောဆို — စာမျက်နှာ ၈

တွေ့ဆုံဆွေးနွေးမှုများအပေါ် အမေရိကန်အထူးသံတမန်က အကောင်းမြင် — စာမျက်နှာ ၁၂

ဒေါ်အောင်ဆန်းစုကြည် အိုင်ဒီယာဟောင်းတွေနဲ့ စွဲနေဟု ဗိုလ်ချုပ်သန်းရွှေပြောဆို — စာမျက်နှာ ၁၅

အာဆီယံချိန်ပီယံ ဘောလုံးပွဲ ဒေါ်အောင်ဆန်းစုကြည် သွားရောက်ကြည့်ရှု — စာမျက်နှာ ၁၆




# ရာဇဝင်တွင်မည့် သမတ

မြန်မာနိုင်ငံမှာ စစ်မှန်သော နိုင်ငံရေးအပြောင်းအလဲအခြေအနေသို့ရောက်နေပြီးဟု လူထုခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်မှ အဖွဲ့ချုပ်ရုံးခမ်းတွင် စက်တင်ဘာ ၁၅ ရက်နေ့၌ ကျင်းပသော အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့မှာ ပြောဆိုလိုက်ပါသည်။ ဝမ်းမြောက်စွာဖြင့် ကြိုဆိုထောက်ခံပါသည်။

ဤနေ့အချိန်အခါ၌ ကမ္ဘာ့ ဒီမိုကရေစီနေ့အဖြစ် ကျင်းပခြင်းသည် ကမ္ဘာ့နိုင်ငံအသီးသီးမှ ဒီမိုကရေစီစနစ်သည်သာလျှင် ကမ္ဘာ့လူသားမျိုးနွယ်အကျိုးစီးပွားတွေကို အာမခံချက်တွေ အကာအကွယ်တွေပေးနိုင်မည်ကို လက်ခံလာကြခြင်းဖြစ်သည်ဟု ယူဆသည်။

ထို့ကြောင့်လည်း မြန်မာနိုင်ငံအစိုးရအနေဖြင့် ဒီမိုကရေစီ၏ အနှစ်သာရကို သိရှိနားလည်လာပြီး နေပြည်တော်တွင် အရပ်သားအစိုးရက ကမ္ဘာ့ဒီမိုကရေစီနေ့ကျင်းပခြင်းကို အပြုသဘောဖြင့် ကြိုဆိုပါသည်၊ နေပြည်တော်မှ အရပ်သားအစိုးရအနေဖြင့် ကမ္ဘာ့ဒီမိုကရေစီရေစီကြောင်း၏ ဆိုးကျိုး ကောင်းကျိုးများကို ကမ္ဘာ့လူထုနှင့်အတူ ခံစား စံစားကြရတော့မည်ဟု ယုံကြည်သည်။

သို့သော် အရပ်သားအစိုးရ (သို့)သမတဦးသိန်းစိန်အစိုးရအနေဖြင့် ကမ္ဘာ့ဒီမိုကရေစီရေစီးကြောင်းမှာ မျောပါလိုက်မည်ဆိုပါက ကမ္ဘာ့ဒီမိုကရေစီစံချိန်စံညွှန်းနှင့်အညီ လျှောက်လှမ်းဖို့လိုပါမည်။ ဒီမိုကရေစီစနစ်သည် တရားဥပဒေစိုးမိုးရေးကို လေးစားလိုက်နာရပေမည်။ ဒီမိုကရေစီ စံနှုန်းတွေနှင့် မကိုက်ညီသော အခြေခံဥပဒေအချို့ကို ပြုပြင်ပြောင်းလဲရမည်။ ပြည်သူလူထုအကျိုးရှေ့ရှုသည်ဆိုပါက ပြည်သူလူထုဆန္ဒကို အထူးလေးစားလိုက်နာရမည်။

ဒီမိုကရေစီစနစ်သည် တရားလက်လွတ် ဥပဒေမဲ့လုပ်ချင်ရာလုပ်သည့် အာဏာရှင်စနစ်နှင့် များစွာကွာခြားသည်။ ဒီမိုကရေစီစနစ်သည် လွတ်လပ်သည်ဆိုပေမယ့် လုပ်ချင်ရာလုပ်၍မရပေ။ တရားဥပဒေဘောင်အတွင်းမှ လွတ်လွတ်လပ်လပ် လုပ်ပိုင်ခွင့်ရှိသည်။

စစ်အစိုးရလက်ထက် အာဏာရှင်စနစ်မှ တရားလက်လွတ် ဥပဒေမဲ့ဖမ်းဆီးချုပ်နှောင်ထားသူများကို ဦးစွာပထမ ဒီမိုကရေစီ အရပ်သားအစိုးရအနေဖြင့် ပြန်လွတ်ပေးရပါမည်။ တိုင်းရင်းသားများအပေါ် ထိုးစစ်ဆင်တိုက်ခိုက်နေမှုများကို ချက်ခြင်းရပ်ဆိုင်းဖို့လိုပါသည်။ ကချင်၊ ရှမ်း ကချင်ပြည်နယ်များမှ စစ်ပြေးဒုက္ခ ၅ သောင်းကျော်၏ ရွှာပုံး ရွှာရှောင်ဖြစ်နေရမှုသည် အရပ်သားအစိုးရတွင် လုံးဝတာဝန်ရှိသည်။ တရားဥပဒေကို လေးစားလိုက်နာသည့် အရပ်သားအစိုးရအနေဖြင့် ပြည်တွင်းပြဿနာများကို ဒီမိုကရေစီစနစ်အရ တရားဥပဒေဘောင်အတွင်းမှ လွတ်လပ်စွာ နိုင်ငံရေးနည်းဖြင့် ဖြေရှင်းပေးနိုင်မည်ဆိုပါက မြန်မာပြည်သူလူထုကြီးနှင့် ယဉ်ကျေးသော ကမ္ဘာ့မိသားစုအသိုင်းအဝိုင်းမှ လက်ခုတ်တီးဩဘာပေးကြမည်။

သမတကြီးဦးသိန်းစိန်အနေဖြင့် ပြည်သူလူထုကို ကမ္ဘာ့ဒီမိုကရေစီရေစီးကြောင်း၏ ဆိုကျိုး ကောင်းကျိုးများခံစားနိုင်ရေး စွမ်းဆောင်နိုင်မည်ဆိုပါက ထူးခြားသော သမိုင်းစာမျက်နှာကို မှတ်တမ်းတင်ရေးသားလိုက်သူ သမတကြီးအဖြစ် ရာဇဝင်တွင်ပေတော့မည်။

# နိုင်ငံရေးအကျဉ်းသားများ ချွင်းချက်မရှိ လွှတ်ပေးဖို့ လူ့အခွင့်အရေးအဖွဲ့ တောင်းဆို

**DVB ၊ စက်တင်ဘာ ၁၄ ။** ။ မြန်မာအစိုးရက စစ်မှန်တဲ့ အပြောင်းအလဲတွေကို တကယ်လုပ်ပြချင်တယ်ဆိုရင် နိုင်ငံရေးအကျဉ်းသားတွေအားလုံးကို ခြွင်းချက်မရှိ လွှတ်ပေးသင့်တယ်လို့ လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့က တောင်းဆိုလိုက်ပါတယ်။

လူ ၃၀၀၀ ကျော် လက်မှတ်ထိုးထားတဲ့ နိုင်ငံရေးအကျဉ်းသားလွတ်မြောက်ရေး တောင်းဆိုလွှာကို နယူးယောက်အခြေစိုက် လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့က သမ္မတဦးသိန်းစိန်ဆီကို မနေ့က ပေးပို့ထားတယ်လို့ အဖွဲ့က ဆိုပါတယ်။

နိုင်ငံရေးအကျဉ်းသား ၂၀၀၀ နီးပါးကို လွှတ် မလွှတ်ဆိုတာဟာ အစိုးရရဲ့ ရိုးသားဖြောင့်မတ်မှုကို တိုင်းတာမယ့် မှတ်ကျောက်ပဲလို့ အဖွဲ့က ဆိုပါတယ်။

ဦးသိန်းစိန်ဆီကို ပေးပို့ထားတဲ့ နိုင်ငံရေးအကျဉ်းသားလွတ်မြောက်ရေးတောင်းဆိုလွှာကို ကုလသမဂ္ဂ၊ အာဆီယံ၊ အမေရိကန်အစိုးရ၊ ဥရောပသမဂ္ဂ၊ တရုတ်နဲ့ အိန္ဒိယနိုင်ငံတို့ကိုလည်း ပေးပို့သွားမယ် လို့ ပြောပါတယ်။

မြန်မာအစိုးရကို ပြောတဲ့အတိုင်း လုပ်လာအောင် ကုလသမဂ္ဂနဲ့ အာဆီယံအဖွဲ့၊ သက်ဆိုင်တဲ့နိုင်ငံတွေအားလုံးကတိုက်တွန်းဖို့ကိုလည်း လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့က တောင်းဆိုလိုက်ပါတယ်။

ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ဘန်ကီမွန်းနဲ့ ကမ္ဘာတလွှားက အစိုးရတွေက နိုင်ငံရေးအကျဉ်းသားတွေကိုလွှတ်ပေးဖို့ တောင်းဆိုနေပေမယ့် အစိုးရက လျစ်လျူရှုထားပါတယ်။

ဘန်ကီမွန်းက နိုင်ငံရေးအကျဉ်းသားတွေကို ဆက်လက်ဖမ်းဆီးထားမယ်ဆိုရင် အစိုးရရဲ့ ကြိုးပမ်းမှုတွေမှာ အရိပ်မည်းထိုးနေမယ်လို့ ဩဂုတ် ၅ ရက်နေ့က သတိပေးခဲ့ပါတယ်။

ဩဂုတ်လထဲမှာပဲ မြန်မာပြည်ကို သွားရောက်ခဲ့တဲ့ ကုလသမဂ္ဂရဲ့ လူ့အခွင့်အရေးစုံစမ်းရေးမှူး သောမတ် အိုဟေးကင်တာနားကလည်း နိုင်ငံရေးအကျဉ်းသားတွေ လွတ်မြောက်ရေးဟာ အမျိုးသားပြန်လည်သင့်မြတ်ရေးရဲ့ အဓိကကျတဲ့ လိုအပ်ချက်တခုအဖြစ် ထောက်ပြခဲ့ပါတယ်။

အစိုးရသစ်တက်လာပြီး ပြုပြင်ပြောင်းလဲရေးတွေလုပ်မယ်လို့ ကတိပေးခဲ့ပြီးနောက်ပိုင်း ပြီးခဲ့တဲ့မေလ ၁၆ ရက်နေ့က အစိုးရ၏ လွတ်ငြိမ်းချမ်းသာခွင့်အမည်ခံ ထောင်ဒဏ် တနှစ်လျှော့ပေါ့ပေးတဲ့အစီအစဉ်မှာ နိုင်ငံရေးအကျဉ်းသား ၇၇ ဦး ပြန်လည်လွတ်မြောက်ခဲ့ပါတယ်လို့ဆိုပါတယ်၊

# ပူးပေါင်းဆောင်ရွက်ရေးနှင့် နိုင်ငံရေး အကျဉ်းသား လွတ်မြောက်ရေး ဆက်နွယ်

**VOA ၊ စက်တင်ဘာ ၁၃ ။** ။ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က လက်ရှိ မြန်မာနိုင်ငံအခြေအနေတွေနဲ့ ပတ်သက်ပြီးတော့ အစိုးရနဲ့ တိုက်ရိုက် ဆွေးနွေးလာနိုင်တာဟာ နိုင်ငံရေးအရတိုးတက်မှုဖြစ်စဉ်တခုအဖြစ် သူယုံကြည်ကြောင်း ပြောဆိုခဲ့ပါတယ်။ VOA ဗိုင်းတော်သူ ဒေါ်ခင်စိုးဝင်းကနေ မြန်မာနိုင်ငံကိုရောက်ရှိခိုက် ဒေါ်အောင်ဆန်းစုကြည်နဲ့ သီးသန့်တွေ့ဆုံမေးမြန်းခွင့်ရခဲ့တဲ့အချိန်မှာ ဒေါ်အောင်ဆန်းစုကြည်က အခုလိုပြောဆိုခဲ့တာပါ။ ဒေါ်ခင်စိုးဝင်းက တိုက်ရိုက် ပြောပြချက်အပြည့်အစုံကို တင်ပြထားပါတယ်။

ရတောင့်ရခဲ မြန်မာပြည်ဝင်ခွင့်ရတဲ့ အချိန်လေးမှာ တွေ့ဆုံမေးမြန်းခွင့် ရလိုရငြား ဗွီအိုအေက မေတ္တာရပ်ခံခဲ့တာကို NLD ကစီစဉ်ပေးနိုင်ခဲ့လို့ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့ဆုံမေးမြန်းခွင့်ရခဲ့တာပါ။ ဒေါ်အောင်ဆန်းစုကြည်က ပြည်သူလူထုအကျိုးအတွက်ဆိုရင် မတူကွဲပြားတဲ့အမြင်တွေကို ဘေးဖယ်ထားပြီး မြန်မာအစိုးရနဲ့ပူးပေါင်းဆောင်ရွက်ကြမယ်လို့ လူသိရှင်ကြားကြေညာထားပြီးဖြစ်ပါတယ်။ ဒါပေမဲ့လည်း ယုံကြည်ချက်ကြောင့် အကျဉ်းကျနေတဲ့သူတွေကို လွှတ်ပေးတာ မတွေ့ရသေးတော့ နစ်ဘက်ပူးပေါင်းဆောင်ရွက်ကြမယ့်အလားအလာကို ထိခိုက်နိုင်ပါသလားလို့မေးကြည့်တဲ့အခါမှာ ဒေါ်အောင်ဆန်းစုကြည်က အခုလိုဖြေပါတယ်ရှင်။

“ဒါ မဖြစ်အောင်လုပ်ရမှာပေါ့။ ဘာဖြစ်လို့လဲ ဆိုတော့ အစကတည်းက ပြောထားပြီးသားလေ၊ တွေ့ဆုံဆွေးနွေးပွဲတွေအတွက် ဘယ်လိုမှ ကန့်သတ်ချက်တွေမထားပါဘူးလို့ ပြောထားခဲ့တယ်။ အဲဒီတော့ အစကတည်းကလည်း ဒီဟာလုပ်မှ-ဟိုဟာလုပ်မှ ပြောမယ်လို့ ပြောထားတာမှမဟုတ်ဘဲ။ နောက်ပြီးတော့ အမအမြင်မှာတော့ ဒီလိုပူးပေါင်းဆောင်ရွက်တယ်ဆိုတာဟာ အကျဉ်းသားတွေလွတ်မြောက်ရေးနဲ့လည်း တကယ်တော့ ကင်းကွာနေလို့ မဖြစ်ဘူး။ အမတို့ လုပ်တဲ့အလုပ်တွေဟာအားလုံး တခုနဲ့တခုဆက်နွယ်နေတာပဲ။ ဒီလို ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့်လည်း နိုင်ငံရေးအကျဉ်းသားတွေလွတ်မြောက်ရေးအတွက် ပိုပြီးတော့အထောက်အကူဖြစ်နိုင်တယ်။ ဒီလိုပဲ ယူဆပါတယ်။”

မြန်မာအစိုးရဘက်ကနေ NLD အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ဖို့ တိုက်တွန်းထားပါတယ်။ ၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံကို လက်ခံလာအောင်လည်း သမ္မတဦးသိန်းစိန်ကိုယ်တိုင် စည်းရုံးနေပါပြီ။ ၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံကို လက်ခံပြီးတော့ နိုင်ငံရေးပါတီတခုအဖြစ် လှုပ်ရှားဖို့ တိုက်တွန်းတာတွေကို NLD အနေနဲ့ လက်ခံမှာလား၊ တကယ်လို့ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံမှာပါတဲ့ အချက်တွေကို ပြင်ဆင်လိုချင်တယ်ဆိုရင် ဘယ်အချက်တွေကို အဓိကထား ပြင်ဆင်ရမယ်လို့ မြင်ပါသလဲလို့ မေးတဲ့အခါမှာတော့ -

“ဒီဟာတွေကတော့ အခြေအနေပေါ်မှာ တည်ပါတယ်။ဘာဖြစ်လို့လဲဆိုတော့ ကမ်းလှမ်းတယ်ဆိုတာကလည်း လူတွေက သူတို့ဟာသူတို့ ထင်ကြေးနဲ့ပြောတာပေါ့နော်။ အခုချိန်မှာဆိုလို့ရှိရင် အမတို့က တယောက်နဲ့တယောက် စပြီးတော့ စကားပြောတယ်။ တကယ့်ကို ထိထိရောက်ရောက် စကားပြောတဲ့အဆင့်ကို စနိုင်ပြီဆိုတာ ဒါကိုပဲတိုးတက်မှုတခုလို့ အမတော့ ယုံပါတယ်။ အဲဒီတော့ ဒီအချိန်မှာတော့ အသေးစိတ် ဘာတွေ ဘာတွေ ဆွေးနွေးနေလဲ ဆို တာကို မပြောတာဟာ သိပ်ပြီးတော့ သိမ်မွေ့နေတဲ့အချိန်မှာဒီလို ထုတ်ဖော် ပြောလိုက်ခြင်း အားဖြင့် ကိုယ်လိုချင်တဲ့ခရီးကို ချောချောမောမော မရောက်မှာစိုးလို့မပြောတာပါ။ ဒါပေမဲ့ နိုင်ငံအပေါ်မှာ အမတို့မှာတာဝန်ရှိတယ်။ တချိန် တခါမှာတော့ ပြည်သူကိုအသိ ပေးရမယ်ဆိုတာသိပါတယ်။ အသိပေးတဲ့အခါရှိတဲ့အခါကျ အသိပေးမှာပါ။ အသိပေးစရာ မရှိသေးတဲ့အချိန်မှာ အသိပေးလိုက်ခြင်းအားဖြင့် နောက်တခါဘာမှ အသိပေးစရာ မဖြစ်လာမှာလည်း စိုးရိမ်ရတယ်လေ”

ဆက်ပြီးတော့ပြီးခဲ့တဲ့ဩဂုတ်စ်လ၁၇ရက်နေ့တုန်းကမြန်မာနိုင်ငံတော်သမ္မတဦးသိန်းစိန်က မိန့်ခွန်းပြောတဲ့နေရာမှာ ပြည်ပမှာရောက်ရှိနေတဲ့ မြန်မာနိုင်ငံသားတွေကို ဖိတ်ခေါ်လိုက်ပါတယ်။ ဒီတော့ ပြည်ပရောက် မြန်မာနိုင်ငံသားတွေ ပြန်လာသင့်ပြီလို့ ယူဆပါသလား။ ပြန်လာဖို့အတွက် ဘယ်လိုအခြေအနေမျိုး အနေအထားမျိုးရှိသင့်တယ်လို့ ရှုမြင်ပါသလဲလို့ မေးတဲ့အခါမှာတော့ ဒေါ်အောင်ဆန်းစုကြည်က အခုလို ပြောပါတယ်။

“ဒါ နစ်ပိုင်းပေါ့နော်၊ တပိုင်းကတော့ လူတိုင်းလူတိုင်းဟာ ကိုယ့်ဘဝအတွက် ကိုယ့်ဆုံးဖြတ်ချက်ကို ချရမယ်။ ဒါကတော့ တာဝန်သိပေါ့။ အခုတချို့ကပြောနေတယ်။ အမကိုလည်း ဗွီအိုအေမေးခွန်းကတဆင့်ရော၊ အာရ်အက်ဖ်အေ မေးခွန်းကတဆင့်ရောမေးနေကြတယ်ပေါ့နော်။ ပြန်လာသင့်သလား။ အမ အမြဲပြောတယ်။ ဒါ ကိုယ့်ဖာသာကိုယ်ဆုံးဖြတ်ရမယ်။ ဒါ ကိုယ့်ရဲ့ဘဝ၊ ကိုယ့်ဖာသာကိုယ် သမ္မတကြီးပြောတဲ့ မိန့်ခွန်းကိုလေ့လာပြီးတော့ သက်ဆိုင်ရာ သံရုံးတွေမှာမေးမြန်းစုံစမ်းပြီးတော့ ကိုယ်ပြန်လာချင်ရင် ကိုယ့်ဖာကိုယ်ဆုံးဖြတ်ရမယ်။ ပြန်မလာချင်လို့ရှိရင်လည်း ကိုယ့်ဖာကိုယ် ဆုံးဖြတ်ရမယ်။ ဒီဟာကို နိုင်ငံရေးအရ ဘယ်လိုမြင်ရမလဲ ဆိုလို့ရှိရင်တော့ အဲဒါတော့နည်းနည်းစောင့်ကြည့်ရမှာပေါ့။ ပြန်လာတဲ့သူတွေအခြေအနေ ဘယ်လိုရှိသလဲ။ တချို့က ပြောတာပေါ့နော်။ ပြန်လာပြီးလို့ ရှိလို့ရှိရင်ပြဿနာရှာမှာတို့ ဘာတို့ - ဒါကတော့လည်း အမလည်း မပြောနိုင်ဘူး။ ဖြစ်မယ်၊ မဖြစ်ဘူးဆိုတာ။ တချို့ကျတော့လည်း ဒီအချိန်မှာ ပြန်လာသင့်သလားပေါ့နော်။ နိုင်ငံရေးအမြင်နဲ့ပြောတာပေါ့။ ပြန်လာ သင့်သလား။ အဲဒီတော့ နိုင်ငံရေးအမြင်နဲ့ ပြန်လာသင့်သလားဆိုတာ ဘယ်မှာ တည်သလဲဆိုတော့ မြန်မာနိုင်ငံ ဒီမိုကရေစီရရှိရေးအတွက် ဘယ်လိုနည်းနဲ့ လှုပ်ရှားချင်သလဲဆိုတာပေါ်မှာ တည်တာပေါ့။ အခုချိန်မှာတော့ ဗမာပြည်မှာ နိုင်ငံခြားမှာ လှုပ်ရှားချင်တဲ့ပုံစံနဲ့တော့ လှုပ်ရှားလို့မရသေးဘူး ဆိုတာတော့ ဒါကတော့ ရှင်းပါတယ်။ နိုင်ငံခြားမှာ လှုပ်ရှားတဲ့ပုံစံနဲ့ပဲ ဆက်ပြီးလှုပ်ရှားချင်တယ် ဆိုလို့ရှိရင်တော့ ဒါကိုရွေးရမှာပေါ့။ ဒါပေမဲ့ NLD နဲ့ ဒီမှာလာပြီး လှုပ်ရှားလို့ ရမယ်ထင်လို့ လှုပ်ရှားချင်တယ်ဆိုရင်လည်း လာပြီး လှုပ်ရှားနိုင်ပါတယ်”

ဆက်လက်ပြီး သူက အမေရိကန်အထက်လွှတ်တော်အမတ် ဂျင်(မ်) ဝက်ဘ်၊ ပေါ့နော်။ အရှေ့အာရှနဲ့ ပစိဖိတ်ရေးရာ ဆပ်ကော်မတီ ဥက္ကဋ္ဌကနေပြီးတော့ အမေရိကန်ရဲ့ မြန်မာနိုင်ငံအပေါ် ရပ်တည်တဲ့မူဝါဒကို ပြောင်းဖို့သင့်မသင့်ပေါ့နော်။ ပြန်ပြင်ဆင်ဖို့ရှိသင့် မရှိသင့်ဆိုတဲ့

**စာမျက်နှာ ၅ သို့**

# လွတ်လပ်ခွင့်အကြောင်း ( ဒုတိယ–ပိုင်း )

ဒေါ်အောင်ဆန်းစုကြည်က ဘီဘီစီ Radio 4 ရဲ့ ၂၀၁၁ ခုနှစ် Reith Lectures အစီအစဉ်မှာ လွတ်လပ်ခွင့်အကြောင်း ဟောပြောချက် ဒုတိယပိုင်းကို ဖော်ပြလိုက်ပါတယ်။

အမျိုးသားဒီမိုကရေစီအဖွဲ့ ချုပ် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်ဟာ ပြည်တွင်းပြည်ပ မီဒီယာသမားတွေကို အဖွဲ့ ချုပ်ရုံးချုပ်မှာ ဒီနေ့ လက်ခံတွေ့ ဆုံပါတယ်။မိတ်ဆွေတို့ဟာ ကျမ တို့ရဲ့ NLD အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံးခန်းမှာ ဗမာတွေကအရွယ် ကောင်းလို့ ပြောကြမယ့် အမျိုးသမီးတွေနဲ့ အမျိုးသားတွေကိုလည်း တွေ့ကြရပါလိမ့်မယ်။ ဆိုလိုတာက သူတို့ဟာ အသက်၄၀ ကျော်အ ရွယ်ပိုင်းတွေဖြစ်တယ်လို့ဆိုလိုတာပါ။ သူတို့ဒီမိုကရေစီအရေးလှုပ်ရှား မှုထဲ ဝင်ရောက်လာချိန်က သူတို့ဟာ အသက် ၂၀ ကျော် အရွယ်ပိုင်း ဒါမှမဟုတ် ဆယ်ကျော်သက် အနှောင်းပိုင်း အရွယ်မှာ ရှိနေဆဲတောင် ဖြစ်တဲ့သူတွေပါ။

နပျိုလန်းဆန်းတဲ့မျက်နှာကြည်လင်တောက်ပတဲ့ မျက်လုံးရှိကြ ပြီး ဒီမိုကရေစီအရေးကိုစိတ်ဓာတ်ပြင်းပြင်းထန်ထန်နဲ့ဝင်ရောက်လု ပ် ကိုင်နေသူတွေပါ။ အခု သူတို့ဟာ အရင်ကလောက် စကားအများ ကြီးမပြောဘဲ အရင်ကထက်ပိုပြီး ရင့်ကျက်လာပါတယ်။ ပိုပြီးဆုံးဖြတ် ချက်ခိုင်မာလာပါတယ်၊ သူတို့ရဲ့စိတ်ဓာတ်ပြင်းထန်မှုဟာသူတို့ကြုံတွေ့ ခဲ့ ရတဲ့ ဘဝဒဏ်ရာဒဏ်ချက်တွေကြောင့် အရည်အ သွေးမြင့်တက်လာ ပါတယ်၊

သူတို့ကို ထောင်ကျဖူးသလားလို့ သွားမမေးပါနဲ့၊ ဘယ်နှစ်ကြိမ် ထောင်ကျဘူးသလဲလို့ မေးကြည့်ပါ။ နောက်ပြီး တခါ လူငယ်တွေရှိပါ သေးတယ်။ ဒါပေမယ့် အစစ်အဆေး အမေးအမြန်းတို့ အဖမ်းအဆီး အချုပ်အနှောင်တို့ ဆိုတာတွေနဲ့ တစိမ်းပြင်ပြင်ကြီးဖြစ်လောက်အောင် ငယ်ရွယ်သူတွေတော့ မဟုတ်ပါဘူး၊ သူတို့ရဲ့မျက်နှာတွေဟာ မျှော်လင့် ချက်ရောင်ခြည်နဲ့ ဝင်းပနေပါတယ်၊ ဒါပေမယ့် လေးနက်တဲ့ မျက်နှာတွေ ပါ။ အယူအမြင်လွဲမှားမှု အရိပ်အရောင်ကင်းရှင်းတဲ့ မျက်နှာတွေပါ။ သူ တို့ ဘယ်ကို ရောက်နိုင်တဲ့ခြေလှမ်း လှမ်းမိပြီလည်းဆိုတာ သူတို့သိပါ တယ်။

သူတို့ဟာ အနာဂါတ်ကာလကို အမြင်ရှင်းရှင်းနဲ့ စိမ်ခေါ်ခဲ့ကြ တာပါ။ သူတို့ရဲ့လက်နက်တွေက သူတို့ရဲ့ယုံကြည်မှု၊ သူတို့ရဲ့ ဘေး ရန် အကာအကွယ်က သူတို့ရဲ့စိတ်ဓာတ်ပြင်းထန်မှု၊ ကျမတို့ရဲ့ စိတ်ဓာတ် ပြင်းထန်မှု ဒီစိတ်ဓာတ်ပြင်းထန်မှုဟာ ဘာအတွက်ပါလဲ။ ကျမတို့ဟာ နေရိုး နေစဉ်နေထိုင်တဲ့ဘဝရဲ့ သက်တောင့် သက်သာရှိမှုကို စွန့်လွှတ် ပြီးစိတ်ဓာတ်ပြင်းပြင်းထန်ထန်နဲ့ခွန်အားစိုက်ထုတ်လုပ်ကိုင်နေကြတာ ဘယ်လို နိုင်ငံ့အရေးအတွက်ဖြစ်ပါသလဲ။

အစိုးရဝါဒ ဝေဖန်သူတွေရဲ့ အခြေခံလုပ်ငန်းနဲ့ပတ်သက်ပြီး ဗာစ့် လပ်ဟာဗားရဲ့ ဖွင့်ဆိုချက်ကို ပြန်ပြောရမယ်ဆိုလို့ရှိရင် ကျမတို့ဟာ လူ ပုဂ္ဂိုလ်အသီးသီးနဲ့လွတ်လပ်ပြီး အမှန်တရားပြည့်ဝတဲ့ဘဝမှာ နေထိုင် ပိုင်ခွင့်ကို ကာကွယ်ရေးအတွက် ခွန်အားစိုက်ထုတ် လုပ်ကိုင်နေကြတာ ဖြစ်ပါတယ်။ တနည်းအားဖြင့် ပြောရမယ်ဆိုလို့ရှိရင် ကျမတို့ရဲ့ စိတ် ဓာတ်ပြင်းထန်မှုဟာ လွတ်လပ်ခွင့်အတွက်ဖြစ်ပါတယ်။ Faction စိတ်ဓာတ်ပြင်းထန်မှုကို Suffering ပင်ပန်းဆင်းရဲမှုဆိုတဲ့ အဓိပ္ပါယ်နဲ့ ပြန်ဆိုချက်ရှိပါတယ်။

ဘာသာရေးအဆက်အစပ်နဲ့ ပြောရမှာလိုပဲ နိုင်ငံရေး အဆက် အစပ်နဲ့ ပြောတဲ့အခါမှာလဲဘဲ ဒါဟာ ကိုယ့်ဖာသာကိုယ် ရွေးချယ်တဲ့ ပင်ပန်းဆင်းရဲမှုဆိုတဲ့ အဓိပ္ပါယ်ထွက်တယ်လို့ ကျမကတော့ ပြောချင် ပါတယ်။ ကျမတို့ရှောင်ချင်တဲ့အခြေအနေထဲ အတင်းဝင်ဖို့ တမင်တ ကာ ဆုံးဖြတ်တာမျိုးဖြစ်ပါတယ်။ ပေါ့ပေါ့တန်တန်ဆုံးဖြတ်လိုက်တဲ့ ဆုံးဖြတ်ချက်တော့ မဟုတ်ပါဘူး။ ကျမတို့ဟာ ပင်ပန်းဆင်းရဲမှုကို မ နှစ်သက်ပါဘူး။ ကျမတို့ဟာ ကိုယ်စိတ်ဆင်းရဲခံပြီး အပျော်ရှာတဲ့အကျင့် ရှိသူတွေမဟုတ်ပါဘူး။ ကျမတို့ဟာ တခါတလေမှာကျမတို့ မလိုချင်ပါ ဘဲလျက် ပင်ပန်းဆင်းရဲမှုကို ကိုယ့်ဘာသာ ရွေးချယ်နိုင်ကြတာ အ ကြောင်းရင်းက ကျမတို့ စိတ်ဓာတ်ပြင်းပြင်းထန်ထန်နဲ့ လိုချင်နေတဲ့ အရာကို ကျမတို့ တန်ဘိုးကြီးကြီးမားမားထားကြလို့ဖြစ်ပါတယ်။

၂၀၀၃ ခုနှစ်၊ မေလတုန်းက မြန်မာနိုင်ငံမြောက်ပိုင်းကမြို့ငယ် လေးတမြို့ဖြစ်တဲ့ ဒီပဲယင်းမြို့ကို စည်းရုံးရေးခရီးထွက်စဉ်မှာ ကျမနဲ့ အတူလိုက်ခဲ့ကြတဲ့ NLD အဖွဲ့ဝင်တွေနဲ့ ထောက်ခံသူတွေရဲ့မော်တော် ကားတန်းကြီးဟာစစ်အစိုးရအမိန့်နဲ့လုပ်တာလို့ယူဆတဲ့အမည်မသိ တိုက်ခိုက်သူတွေရဲ့ ဝိုင်းဝန်းတိုက်ခိုက်ခြင်းကိုခံခဲ့ရပါတယ်။ အဲဒီတိုက် ခိုက်သူတွေ ဘာဖြစ်ကုန်ကြတယ်ဆိုတာနဲ့ပတ်က်ပြီး ဒီနေ့အထိဘာသ တင်းမှမကြားခဲ့ရပါဘူး။ ဒါပေမယ့် သူတို့တိုက်ခိုက်တာကိုခံခဲ့ရတဲ့ ကျမ တို့ကတော့ အဖမ်းအဆီးခံခဲ့ကြရပါတယ်။

ကျမဆိုလို့ရှိရင် နံမည်ဆိုးနဲ့ကျော်ကြားတဲ့ အင်းစိန်အကျဉ်း ထောင်ကို ခေါ်သွားခံရပြီး တယောက်တည်းနေရတဲ့အခန်းမှာ အကျဉ်း ချခံခဲ့ရပါတယ်။ ဒါပေမယ့် ကျမဝန်ခံရပါမယ်။ တခြားအကျဉ်းသားတွေ နေတဲ့အဆောင်နဲ့ တသီးတခြားဆောက်ထားတဲ့ အိမ်ကလေးမှာ ကောင်းကောင်းမွန်မွန်ထားတာကိုကျမခံခဲ့ရပါတယ်။နံနက်ခင်းတခုမှာ တော့ ကျမဟာ နေ့စဉ်လုပ်နေကျ ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်းကို လုပ်နေပါတယ်။ ကျန်းမာနိုင်သလောက် ကျန်းမာအောင် နေထိုင်ခြင်း ဟာနိုင်ငံရေးအကျဉ်းသားတယောက်ရဲ့ပထမဆုံးတာဝန်တခုဖြစ်တယ် လို့ ကျမက ယူဆပါတယ်။

အဲဒီလို လေ့ကျင့်ခန်းလုပ်နေတုန်းမှာ ကျမရဲ့အတွေးကဒီပုံစံနဲ့ နေတာဟာ ငါ့ရဲ့စိတ်ဓာတ် ငါ့ရဲ့သဘာဝနဲ့ မကိုက်ပါလားဆိုတဲ့ အတွေး ဖြစ်တာကို တွေ့ရပါတယ်။ ကျမဟာ အခုလို စိတ်အေးလက်အေး ဆက် ပြီး နေထိုင်နိုင်စွမ်းရှိသူ ဖြစ်ခဲ့မှာမဟုတ်ပါဘူး။ ကျမနဲ့အတူဒီပဲယင်းမြို့ ကို ထွက်ခဲ့ကြသူတွေရဲ့ ကံကြမ္မာနဲ့ပတ်သက်ပြီး ခေါင်းကွဲမတတ်ပူပင် သောက ရောက်ရင်းနဲ့ ကျမရဲ့အိပ်ယာထဲမှာ နံ့နံ့ချိချိနဲ့ ခွေခွေကလေး လဲနေသူဖြစ်ခဲ့မှာပါ။ သူတို့အထဲက ဘယ်နှစ်ယောက်များ ကြမ်းကြမ်း တမ်းတမ်း အရိုက်အနက်ကို ခံခဲ့ရပြီးပြီလဲ။ သူတို့အထဲက ဘယ်နှစ် ယောက်များ ဘယ်နေရာမှန်း ကျမ မသိတဲ့နေရာကို ဆွဲခေါ်သွားတာခံ ခဲ့ရပြီးပြီလဲ။ သူတို့အထဲက ဘယ်နှစ်ယောက်များ သေဆုံးကုန်ကြပြီလဲ။

**စာမျက်နှာ ၈ သို့**

# ၂၀၀၃ ဒဏ်ခတ်ပိတ်ဆို့အရေးယူမှု သက်တမ်းတိုးဖို့ အထက်လွှတ်တော်ဆုံးဖြတ်

**VOA ၊ စက်တင်ဘာ ၁၄ ။** ။ မြန်မာနိုင်ငံက ပို့ကုန်တွေကို ပိတ်ပင်ပြီး မြန်မာ့ဒီမိုကရေစီရေးလှုပ်ရှားမှုကို ထောက်ခံကူညီဖို့ အမေရိကန်ပြည်ထောင်စုရဲ့ ၂၀၀၃ ခုနှစ် မြန်မာနိုင်ငံဆိုင်ရာအရေးယူပိတ်ဆို့မှု ဥပဒေကို အထက်လွှတ်တော်က နောက်ထပ် သက်တမ်းတိုးဖို့ ဆုံးဖြတ်လိုက်ပါပြီ။

၂၀၀၃ ခုနှစ် Burmese Freedom and Democracy Act မြန်မာနိုင်ငံလွတ်မြောက်ရေးနဲ့ ဒီမိုကရေစီဥပဒေကို နောက်ထပ် သက်တမ်းတိုးဖို့ အထက်လွှတ်တော်က မကြာခင်သေးခင်ကပဲ အတည်ပြုလိုက်တာပါ။ ဒီဥပဒေကို သက်တမ်းတိုးဖို့ အောက်လွှတ်တော်ကလည်း ဆုံး ဖြတ်ခဲ့ပြီးဖြစ်တာမို့ မကြာခင်မှာ အမေရိကန်သမ္မတက အတည်ပြုလက် မှတ်ထိုးမယ်လို့ မျှော်လင့်ရပါတယ်။

ဒေါ်အောင်ဆန်းစုကြည်နဲ့ သူ့ကို ထောက်ခံသူတွေကို မြန်မာနိုင်ငံအလယ်ပိုင်း ဒီပဲယင်းအနီးမှာ အစိုးရလိုလားသူတွေက အကြမ်းဖက်တိုက်ခိုက်ခဲ့တဲ့ နောက်ပိုင်း၊ ဒီဥပဒေကို အမေရိကန်ပြည်ထောင်စု ထုတ်ပြန်ပြီး မြန်မာစစ်အစိုးရ ထိပ်ပိုင်းဗိုလ်ချုပ်တွေနဲ့ သူတို့နီးစပ်တဲ့ အသိုင်းအဝိုင်းတွေကို ဒဏ်ခတ် အရေးယူပိတ်ဆို့မှု တွေလုပ်ခဲ့တာပါ။ ဒီဥပဒေ ရည်ရွယ်ချက်ဟာ မြန်မာစစ်အစိုးရကို အရေးယူ ဒဏ်ခတ်ဖို့၊ မြန်မာ့ဒီမိုကရေစီအင်အားစုတွေကိုအားဖြစ်စေဖို့နဲ့အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို မြန်မာလူထုရဲ့ ကိုယ်စားလှယ်အဖြစ် တရားဝင် အသိအမှတ်ပြုဖို့ဖြစ်တယ်လို့ ဥပဒေမှာ ဖော်ပြပါတယ်။

ဒါကြောင့်လည်း မြန်မာနိုင်ငံတွင်း ပို့ကုန်တွေကို အမေရိကန်ပြည်ထောင်စုကနေ ပိတ်ပင်တားဆီးဖို့ အပါအဝင် မြန်မာစစ်ဗိုလ်ချုပ်တွေနဲ့ သူတိုနီးစပ်တဲ့အသိုင်းအဝိုင်းတွေရဲ့ ပိုင်ဆိုင်မှုတွေကို ထိန်းချုပ်ဖို့ဆိုတာ ဒီဥပဒေမှာပါဝင်ပါတယ်။ တဘက်မှာလည်း ဒီမိုကရေစီရေးအတွက် အကြမ်းမဖက်လှုပ်ရှားနေကြတဲ့ မြန်မာ့ဒီမိုကရေစီအင်အားစုတွေကို ဖြစ်နိုင်သမျှ ကူညီထောက်ပံ့ဖို့ သမ္မတကိုလည်း လုပ်ပိုင်ခွင့်ပေးထားပါတယ်။

အခုလို အထက်လွှတ်တော်ဆုံးဖြတ်ချက် မတိုင်ခင်မှာတော့ မြန်မာနိုင်ငံမူဝါဒနဲ့ပတ်သက်ပြီး အမေရိကန်အနေနဲ့ ဖြစ်လာမယ့်အခြေအနေနဲ့ကိုက်အောင် ညှိယူနိုင်ဖို့ ပြင်ဆင်ထားသင့်တယ်လို့ အထက်လွှတ်တော် အရှေ့အာရှနဲ့ ပစိဖိတ်ရေးရာ ဆပ်ကော်မတီ ဥက္ကဋ္ဌ ဂျင်မ်ဝက်ဘ် (Jim Webb) က ကြေညာချက် ထုတ်ပြန်ပြီး စက်တင်ဘာ ၁၂ ရက်နေ့က ပြောခဲ့ပါတယ်။

---

**မျက်နှာဖုံးမှ**

"တကယ့်ကို ဒီမိုကရေစီစိတ်ဓာတ် ရှိတဲ့သူတွေက အပြောင်းအလဲကို ငြိမ်းချမ်းတဲ့နည်းနဲ့ပဲ လိုချင်ရမယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒါဟာ ဒီမိုကရေစီရဲ့အနှစ်သာရပဲ။ တချို့ကျတော့ ပုံစံမပြောင်းနိုင်ဘူး။ ဒီပုံစံ ဒီပုံစံပဲ၊ ဒီအခြေအနေလည်း ဒီပုံစံပဲလုပ်မယ်၊ ဟိုအခြေအနေလည်း ဒီပုံစံပဲ လုပ်မယ်ဆိုတာ မဖြစ်နိုင်ပါဘူး။"

ကမ္ဘာ့ကုလသမဂ္ဂက ၂၀၀၇ ခုနှစ်ကစပြီး စက်တင်ဘာလ ၁၅ ရက်နေ့ကိုအပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့အဖြစ်သတ်မှတ်ခဲ့တာပါ။ အခုဆိုရင် ဒီမိုကရေစီလိုအပ်တယ်ဆိုတာ ယုံကြည်လက်ခံလို့ ဒီမိုကရေစီနေ့ဆိုတာတွေကို ကျင်းပလာနေပြီလို့လည်း ဒေါ်အောင်ဆန်း စုကြည်ကပြောပါတယ်။

"အခု ကျမတို့ ဒီနေ့ဟာ ပထမဦးဆုံး ကမ္ဘာ့ဒီမိုကရေစီနေ့ပေါ့၊ ဒီလို တကမ္ဘာလုံးက ကမ္ဘာ့ဒီမိုကရေစီနေ့ဆိုပြီးတော့ ကျင်းပလာရတဲ့အကြောင်းရင်းကတော့ ဒီမိုကရေစီရဲ့တန်ဖိုးကို အများက သိလာလို့ပဲ။ ဒီမို က ရေစီလိုအပ်တယ်ဆိုတာ အများကလက်ခံလာလို့ဖြစ်ပါတယ်။ ကျမတို့က ဒီမိုကရေစီလိုအပ်တယ်ဆိုတာကိုခိုင်ခိုင်မာမာလက်ခံခဲ့တာ အနှစ် ၂၀ ကျော်သွားပါပြီ။ ဒါကြောင့်မို့လည်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဟာ အင်မတန်မှခက်ခဲတဲ့လမ်းကြမ်းကြီးကို ဒီမိုကရေစီဆိုတဲ့အယူအဆကိုလက်ကနေမြဲမြဲကိုင်ပြီး ကျမတို့ချီတက်ခဲ့တာဖြစ်ပါတယ်။"

မြန်မာနိုင်ငံမှာ ခိုင်မာတဲ့ ဒီမိုကရေစီစနစ်တရပ် လိုအပ်တယ်ဆိုတာကို ခိုင်ခိုင်မာမာယုံကြည်ထားတာမို့ NLD အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ဟာ နှစ်ပေါင်း ၂၀ ကျော်အထိ ဒီမိုကရေစီအတွက် အလုပ်လုပ်လာခဲ့တာဖြစ်ပြီးတော့ အခုအချိန်မှာလည်း ဒီမိုကရေစီစနစ်အတွက် အားလုံးရဲ့စိတ်ခွန်အားဟာ အရေးအကြီးဆုံးပဲလို့လည်း ပြောပါတယ်။ မှန်ကန်တဲ့ စိတ်ဓာတ်နဲ့အတူ ခေတ်နဲ့လျော်ညီတဲ့ အခြေအနေတွေကို ဆင်ခြင်တုံတရားနဲ့သုံးသပ်ပြီး လူတိုင်းမှာ တာဝန်သိစိတ်ရှိဖို့ဆော်သြခဲ့သလို ဒီမိုကရေစီစနစ်ရတဲ့အထိ လျှောက်လှမ်းကြပါလို့လည်း မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က ဒီနေ့ကျရောက်တဲ့ အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့မှာ တိုက်တွန်းသွားပါတယ်။

---

**စာမျက်နှာ ၃ မှ**

ကြေညာချက်တခု ထုတ်ပါတယ်လို့ အဲဒီ ကြေညာချက်ကတော့ ၂၀၀၄ ခုနှစ်က ချမှတ်ထားတဲ့ မြန်မာနိုင်ငံအပေါ် ပိတ်ဆို့မှုနဲ့ အရေးယူဖို့အတွက် ပြဋ္ဌာန်းခဲ့တဲ့ Burmese Freedom and Democracy Act ဥပဒေကို သက်တမ်းတိုးဖို့ မဲခွဲကြတာနဲ့ပတ်သက်ပြီးတော့ သူက ဒီ Statement လေးကို ထုတ်တာပါ။ ဒီပိတ်ဆို့မှုနဲ့ပတ်သက်ပြီးတော့ ဒေါ်အောင်ဆန်းစုကြည်ရဲ့အမြင်ကတော့ ဒီလိုပါ။

"ပြောင်းသင့်တဲ့အခါ ပြောင်းရမယ်ဆိုတာတော့ သဘော တူတာပေါ့။ သူက should be ready ဆိုတာ အမကနေဒီဟာကို အဓိပ္ပာယ်တမျိုးဖော်လိုက်မယ်။ သူကတော့ ဘယ်လို အဓိပ္ပာယ်နဲ့ ပြောလဲမသိဘူး။ should be ready ဆိုတာဟာအသင့်ဖြစ်နေရမယ်ပေါ့နော်၊ ပြောင်းဖို့လိုတဲ့အချိန်မှာ ပြောင်းဖို့ဆိုတာ ကတော့ အသင့်ဖြစ်နေရမှာပေါ့။ ဒါပေမဲ့ ပြောင်းဖို့လိုတဲ့အချိန်ရောက်ပြီလား၊မရောက်သေးဘူးလားဆိုတာ-ဒါကလည်း သေသေချာချာလေ့လာရမှာပေါ့။ စီးပွားရေးအမြင်နဲ့ဆိုရင်တော့ဒါ-အမတို့အမြင်နဲ့ နည်းနည်းမတူဘူးပေါ့နော်။ ဘာဖြစ်လို့လဲဆိုတော့ အမတို့က စီးပွားရေးကို နိုင်ငံရေးနဲ့ခွဲခြားလို့မရဘူးဆိုပြီးတော့ ယုံကြည်တယ်။ စီးပွားရေးက နိုင်ငံရေးအပေါ်မှာ လွှမ်းမိုးတယ်ဆိုရင်လည်းမဖြစ်သင့်ဘူး။ ဒီနှစ်ခုကို ညီညီမျှမျှကြည့်ပြီး လုပ်သွားရမှာပေါ့။"

နောက်ပြီးတော့ အနောက်နိုင်ငံတချို့က မြန်မာနိုင်ငံအပေါ် ဖွံ့ဖြိုးတိုးတက်ရေး အကူအညီတွေပေးဖို့ ချဉ်းကပ်တာတွေရှိတယ်။ သတင်းတွေထွက်နေတယ်။ အကူအညီတွေရမယ်ဆိုရင် ဘယ်လိုအကူအညီမျိုးအဓိကလိုအပ်နေသလဲလို့ မေးတဲ့အခါမှာတော့ ဒေါ်အောင်ဆန်းစုကြည်က မြန်မာပြည်မှာ အလိုအပ်ဆုံးကတော့ပညာရေးနဲ့ကျန်းမာရေးကဏ္ဍအတွက်ပဲလို့ ဖြေပါတယ်ရှင်။

# ပေမြို့ အိမ်ခြံမြေ ဈေးနှုန်းတွေ အဆမတန် ထိုးတက်

**MMT ၊ စက်တင်ဘာ ၁၂ ။** ။ အချက်အချာကျတဲ့မြို့တွင်းပိုင်းရော၊ မြို့ကွက်သစ်ပိုင်းတွေမှာပါ အိမ်ခြံမြေ ဈေးနှုန်းတွေ ကောင်းနေတဲ့ ပြင်ဦးလွင် မြို့မှာ မြို့တွင်းပိုင်းနဲ့ နီးကပ်နေတဲ့ ပဒေသာမြို့သစ်ဟာ ပြီးခဲ့တဲ့သုံးနှစ်လောက် ကနဲ့ယှဉ်ရင် အဆောက်အအုံကောင်းတွေ ပိုများလာပြီး အကွက်အကွင်းပိုလှ လာတာကို တွေ့ရပါတယ်။

မြို့ကွက်သစ်တွေရဲ့ ထုံးစံအရပဒေသာမြို့သစ်ဟာစတင်တည် ကာစ မှာ မြေကွက်ရထားသူတွေလာနေဖို့ စိတ်မဝင်စားခဲ့ကြတဲ့ မြို့သစ်ဖြစ်ပါတယ်။ စတင်တည်ခဲ့ပြီး နှစ်အတော်ကြာမှသာ အဆောက်အအုံတွေ တစ်စ တစ်စ များလာခဲ့ပြီးနောက်ပိုင်း အခုအခါမှာ တန်းဝင်လူကြိုက်များတဲ့ မြို့သစ်ဖြစ် လာခဲ့တာပါ။

"လက်ရှိမှာ အဆောက်အအုံကောင်းတွေနဲ့ ပြည့်နေတဲ့ ပဒေသာမြို့သစ်ရဲ့ အိမ်ခြံမြေအကွက်အကွင်းဟာ ပိုစည် ကားလာဖို့ပဲရှိပါတယ်။ ပြီးခဲ့တဲ့ ၁၉၉၈- ၉၉ ခုနှစ်ဝန်းကျင်တုန်းကတော့ ပေ ၆၀x ပေ ၈၀ မြေကွက်ကျယ် တစ်ကွက်မှ ကျပ် တစ်သိန်းခွဲလောက်ပဲပေါက်ဈေးရှိပါတယ်။ အခုဆို ချယ်ရီလမ်းပေါ်ကို တင်ရင်ပေ ၆၀ x ပေ ၈၀ အကျယ်မြေ ကွက်ကို သိန်း ၁,၈၀၀ နဲ့ ၂,၀၀၀ ကြားပေါက်ဈေးရှိပါတယ်" လို့ ပြင်ဦးလွင် မြို့တွင်းက ကောင်းဟိန်းဆက် အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်းက ဒေါ်ခင်သန်းက ပြောပါတယ်။

ပြီးခဲ့တဲ့ငါးနှစ်ကျော်လောက်ကတော့ ပဒေသာမြို့သစ်အိမ်မြေဈေးကွက်ဟာ ရန်ကုန်၊ မန္တလေးအပါအဝင် စီးပွားရေးကောင်းတဲ့ နယ်မြို့တွေဘက်က လာပြီး ပြင်ဦးလွင်မြို့မှာနေဖို့ စိတ်ဝင်စားသူတွေ၊ ငွေလုံးငွေရင်းများနေလို့ အပန်းဖြေဖို့ ရည်ရွယ်ပြီး ဈေးသင့် တင့်တုန်းဝယ်ထား ချင်သူတွေ၊ မြေကွက်ရထားပေမယ့် အိမ် မဆောက်ချင်လို့ ပြန်ရောင်းကြသူတွေ၊ မြို့တွင်းပိုင်းကို ဈေးမနိုင်လို့ မြို့သစ်မှာ ဝယ်ဖို့ စဉ်းစားသူတွေကြောင့်အရောင်းအဝယ်ဈေးကွက်အတော်လေးသွက်ခဲ့တယ်လို့ အကျိုးဆောင်တွေက ပြောပါ တယ်။

ပဒေသာမြို့သစ်မှာ မြေကွက်အကျယ် တွေက အမျိုးမျိုးရှိပါတယ်။ ပေ ၈၀x ပေ ၁၂၀၊ ပေ ၄၀ x ပေ ၅၀၊ ပေ ၃၀x ပေ ၄၀၊ ပေ ၆၀ ပတ်လည်၊ ပေ ၈၀ ပတ်လည်၊ ပေ ၆၀ x ပေ ၈၀ အကျယ်မြေကွက်တွေရှိ ကြောင်း အိမ်မြေအကျိုးဆောင် ဒေါ်ခင် သန်းက ပြောပါတယ်။

အတွင်းအပြင် လမ်းတွေအနေနဲ့ ချယ်ရီလမ်း၊ ဇမ္ဗူဒီပါ လမ်း၊ ပြည်သာယာလမ်း၊ ရတနာလမ်း၊ နဝရတ်လမ်းနဲ့ သီဂီလမ်းတို့ရှိကြောင်း သိရပါတယ်။ "ပဒေသာမြို့သစ် အိမ်ခြံမြေဈေး ကွက်ကတော့ အခုလည်း သွက်နေဆဲ ပါပဲ။ လမ်းအားလုံးထဲမှာ ဇမ္ဗူဒီပါလမ်းက တော့ အောက်ပိုင်းနည်းနည်းကျလို့ ကျန်တဲ့လမ်းပိုင်းတွေထက် ဈေးလျော့ပါတယ်။ ပြည်သာယာလမ်း၊ ရတနာလမ်းနဲ့ သီဂီလမ်းကတော့ ဈေးကောင်းပြီး အရောင်းအဝယ်သွက်ပါတယ်။ ကားကြီးဝင်းနဲ့မျက်နှာချင်းဆိုင်မှာ ပေ ၆၀x ပေ ၈၀ အကျယ်မြေကွက်ဆို သိန်း ၇၀၀ ဝန်းကျင်ပေါက်ဈေးရှိပါတယ်"လို့ ဒေါ်ခင်သန်းက ဆက်ပြောပါတယ်။ လက်ရှိမှာ သီဂီလမ်းပေါ်မေးတင်၊ နဝရတ်လမ်းပေါ်မေးတင်တဲ့ မြေကွက်ဆိုရင် ပေ ၄၀x ပေ ၆၀ အကျယ်ကို ကျပ် သိန်း ၅၀၀ ဝန်းကျင်ဈေးရှိတယ်လို့ အကျိုးဆောင်တွေက ပြောပါတယ်။

အတွင်း ပိုင်းကျတဲ့ မြေကွက်တွေကတော့ သိန်း ၄၀၀ ဝန်းကျင်ပေါက်ဈေးရှိနေပါတယ်။ ပဒေသာမြို့သစ်ဆီကို ပြင်ဦးလွင်မြို့တွင်းနာရီစင်ကနေ ကားနဲ့ ၁၀ မိနစ် အတွင်း ရောက်နိုင်ပါတယ်။ ကားကြီးကွင်းရှိနေတာကလည်း သူ့ရဲ့အိမ်ခြံမြေ ဈေးကွက်ကို စိတ်ဝင်စားမှုပိုစေပါတယ်။ ရေ၊ မီး၊ ဖုန်းလိုင်းတွေလည်း ရှိနေလို့ အခြေခံအဆောက်အအုံ တွေနဲ့ ပြည့်စုံနေတဲ့ မြို့သစ်လို့ ဆိုရမှာပါ။

"ပြင်ဦးလွင်မြို့ရဲ့ အိမ်ခြံမြေဈေးကွက်မှာ အခု ရှာတွေက မြေကွက်တွေ၊ လမ်းစီမံကိန်းရှိတဲ့ မြေကွက်တွေကိုလည်း ဝယ်လက်တွေက စိတ်ဝင်စားကြပါတယ်။ ပဒေသာမြို့သစ်ကတော့ ရပ်ကွက်တွေလည်း သန့်တယ်၊ အဆောက်အအုံတွေကလည်း ထုနဲ့ထည်နဲ့ အကောင်းတွေချည်း အထိုင်ချထားကြတာများပါတယ်။ မြို့တွင်း အိမ်မြေဈေးတွေကလည်း မြင့်နေလို့ ဒီပဒေသာမြို့သစ်အနေနဲ့ သူ့ရဲ့ ဈေးနှုန်းတန်းအရရော၊ အကွက် အကွင်းအရပါ ဈေးကွက်သွက်နေဦးမှာပါ"လို့ ပြင်ဦးလွင်မြို့က အိမ်မြေအကျိုးဆောင်တွေက သုံးသပ် ပါတယ်။

---

# ပိတ်ထားတဲ့ ဝက်ဘ်ဆိုဒ်များ ပြန်ဖွင့်

**VOA ၊ စက်တင်ဘာ ၁၅ ။** ။ မြန်မာအစိုးရသစ်အဖွဲ့ဟာ ကာလကြာမြင့်စွာတားမြစ် ပိတ်ပင်ထားတဲ့ ဗွီအိုအေ အမေရိကန်အသံ၊ ရိုက်တာစ်နဲ့ ဘီဘီစီသတင်းဌာနတွေရဲ့ ဝက်ဘ်ဆိုဒ်စာမျက်နှာတွေကို ဖွင့်ပေးလိုက်ပြီဖြစ်ပါတယ်။

ပြည်ပအခြေစိုက် ဒီမိုကရက်တစ် မြန်မာ့အသံ (ဒီဗွီဘီ) အပါအဝင်ဒေသတွင်း သတင်းဌာနကြီး အတော်များများရဲ့ ဝက်ဘ်ဆိုဒ်စာမျက်နှာတွေကိုပါ ဖွင့်ပေးခဲ့သလို ကွန်ပျူတာအွန်လိုင်းမှာတင်တဲ့ YouTube ဗွီဒီယိုတွေကိုပါ ပြည်တွင်းမှာ ကြည့်လို့ရပြီဖြစ်ပါတယ်။

အခုလို ဖွင့်ပေးလိုက်တဲ့အတွက် လွန်ခဲ့တဲ့ ၁၀နှစ်လောက် ကစပြီး တင်ခဲ့တဲ့ ဗွီအိုအေမြန်မာပိုင်းရဲ့ ဝက်ဘ်ဆိုဒ်စာမျက်နှာတွေကိုလည်း ပထမဆုံးအကြိမ်အဖြစ် မြန်မာပြည်ထဲက ကြည့်ရှုလို့ရတော့မှာ ဖြစ်ပါတယ်။ ရိုက်တာစ်အပါအဝင် တခြား သတင်းဌာနကြီးတွေရဲ့ ဝက်ဘ်ဆိုဒ်စာမျက်နှာတွေဟာ ၂၀၀၇ ခုနှစ် သံဃာတော်တွေ ဦးဆောင်တဲ့ဆန္ဒပြမှုကို ဒီနှစ်အစောပိုင်းကတည်းက နှုတ်ထွက်ပေးခဲ့တဲ့ စစ်အာဏာရှင်တွေက အပြင်းအထန်ချေမှုန်းနေချိန်မှာပဲ ပိတ်ပင်ပစ်တာခံခဲ့ရတာပါ။

အခုလိုကွန်ပျူတာဝက်ဘ်ဆိုဒ်စာမျက်နှာတွေကိုဖွင့်ပေးခဲ့ပေမဲ့ ရုပ်မြင်သံကြား ထုတ်လွှင့်ချက်တွေကို တင်းတင်းကျပ်ကျပ် ထိန်းချုပ်ထားဆဲဖြစ်တဲ့အပြင် ပြည်တွင်းမှာ နိုင်ငံခြားသတင်းထောက်တွေသတင်းယူခွင့်ကိုလည်း ပြင်းပြင်းထန်ထန် တားမြစ်ထားဆဲဖြစ်ပါတယ်။

ကုလသမဂ္ဂက ချမှတ်ထားတဲ့ နိုင်ငံတကာ ဒီမိုကရေစီနေ့ဖြစ်တဲ့ စက်တင်ဘာ ၁၅ ရက်နေ့မှာ လူထုတရပ်လုံးကျင်းပခွင့်ကို မြန်မာအစိုးရသစ်က ပထမဆုံးအကြိမ်အဖြစ်ခွင့်ပြုလိုက်တဲ့နေ့မှာပဲ အခုလိုသတင်းစာမျက်နှာတွေကိုပါ တင်းကျပ်မှု လျှော့ချပေးလိုက်တာဖြစ်ပါတယ်။

နေအိမ်အကျယ်ချုပ် ၇ နှစ်ဆက်တိုက်ချထားတာကို ခံခဲ့ရပြီး မနှစ်ကမှ ပြန်လည်လွတ်မြောက်လာခဲ့တဲ့ မြန်မာ့ဒီမိုကရေစီ ခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်ကလည်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဌာနချုပ်မှာ ကုလသမဂ္ဂရဲ့နိုင်ငံတကာ ဒီမိုကရေစီနေ့အတွက် မိန့်ခွန်း ပြောကြားခဲ့ပါတယ်။

# နအဖစစ်ဗိုလ်ချုပ်များ လာဘ်စားပုံကို ပေါက်ထွက်ကြေးနန်းစာ ဝီကီလိခ်တွင်ပါရှိ

**Mizzima ၊ စက်တင်ဘာ ၁၃ ။** ။ အာဏာသိမ်း နဝတစစ်အစိုးရ လက်ထက် ထိပ်တန်းဗိုလ်ချုပ်တချို့ လာဘ်စားခဲ့ပုံများကိုရန်ကုန်မြို့ အမေရိကန်သံရုံးမှ ဝါရှင်တန် နိုင်ငံခြားရေးဝန်ကြီးထံပေးပို့သည့် လျို့ဝှက်ကြေးနန်းတစောင် ဝီကီလိခ်စာ မျက်နှာမှ ပေါက်ကြားလာသည်။ ငါးဖမ်းသင်္ဘော အစင်း ၁၀၀ ကျော်ဖြင့် မြန်မာ့ရေပိုင်နက်တွင်လုပ်ကိုင်ခွင့်ရနေသည့် ထိုင်းလုပ်ငန်းရှင်ကြီးတဦးက မြန်မာနိုင်ငံကိုအပတ်စဉ်သွားတိုင်း မွေးမြူရေးနှင့်ရေလုပ်ငန်း ဝန်ကြီးဟောင်း ဗိုလ်ချုပ်ချစ်ဆွေအား လာဘ်ထိုးရပုံကို ရန်ကုန်အမေရိကန်သံရုံးသို့ ပြောပြခဲ့သည်။

ထို့အပြင် လာဘ်စားသူများထဲတွင် နဝတအတွင်းရေးမှူး ၂ ဗိုလ်ချုပ်တင်ဦး၊ စစ်ထောက်လှမ်းရေးအကြီးအကဲ ဗိုလ်ချုပ်ခင်ညွန့်၏ ဇနီးတို့လည်းပါခဲ့သော်လည်း နောင်တွင် အာဏာရှင်ဖြစ်လာသောဗိုလ်ချုပ်ကြီးသန်းရွှေမှာ အနေအထိုင်ရိုးအေးကြောင်း ၂၀၁၁ ခု ဩဂုတ်လ ၃၀ ရက်စွဲဖြင့် ပေါက်ကြားလာသည့် ကြေးနန်းစာက ဖော်ပြနေသည်။

"မြန်မာပြည်ကို အပတ်စဉ်သွားတိုင်း ငွေသားနဲ့ချည်း အမေရိကန် ဒေါ်လာ ၅၀,၀၀၀ လောက်ကုန်တယ်။ အဲဒီထဲ က ၁၅ ရာ ခိုင်နှုန်းလောက် (ဒေါ်လာ ၇,၅၀၀) က ဗိုလ်ချုပ်ကြီးတွေကို ချန်ထားရတာ (ကျန်တဲ့ငွေတွေကတော့ ငါးဖမ်းခွင့်ရဖို့အတွက် မြန်မာအစိုးရဆီရောက်ကုန်တယ်)" ဟု သံရုံးကသိရှိရသည်ကို ၁၉၉၂ ခု မေလ ၄ ရက်စွဲဖြင့် ဝါရှင်တန် အမေရိကန်နိုင်ငံခြားရေးရုံးသို့ ပေးပို့သည့် ကြေးနန်း၌ ပါရှိသည်။

၁၉၈၈ ခုနှစ် နဝတကောင်စီတွင် ကာကွယ်ရေးဝန်ကြီး ဌာန စစ်ဆင်ရေးအထူးအဖွဲ့ (၂) ကစထမ္ဘူးရာထူးဖြင့် အဖွဲ့ဝင်အဖြစ် ပါခဲ့ပြီး နောက်ပိုင်း မွေး/ရေနှင့် သစ်တောဝန်ကြီး ဗိုလ်ချုပ် ချစ်ဆွေဖြစ်သည်ဟု ထိုင်းလုပ်ငန်းရှင်က ဆိုသည်။ ဗိုလ်ချုပ်ချစ်ဆွေသည် ၁၉၉၀ ခုနှစ်တွင် ဒုတိယဗိုလ်ချုပ်ကြီးအဖြစ် ရာထူးတိုးမြှင့်ခြင်းခံရပြီး ၁၉၉၇ တွင် အနားယူခဲ့ရသည်။

"ထိုင်းတွေကပဲ သင်ပေးလို့" (မွေး/ရေ) ဝန်ကြီးသည် အတိုင်းအတာတခုအထိ ငြင်းသာအောင် လာဘ်ဘယ်လို ယူရသည် ဆိုသည်ကို ကောင်းစွာတတ်မြောက်ခဲ့သည်ဟု ဆိုသည်။ "ချစ်ဆွေဟာ ထိုင်းစီးပွားရေးသမားတွေနဲ့ တယောက်ချင်းတွေ့ဖို့ ငြင်းလေ့ရှိပြီး သူ့သားနဲ့သာ အလုပ်လုပ်စေတယ်" ဟုဆိုသည်။

ဗိုလ်ချုပ်ချစ်ဆွေ၏သားက ထိုင်းလုပ်ငန်းရှင်တွေပြန်ရင် လိုက်ပို့လေ့ရှိပြီး အကောက်ခွန်ဌာနက သူပါလို့ စစ်ဆေးမှုမလုပ်ဘူးဟု ဆိုသည်။ "မကြာခင်ကပဲ ချစ်ဆွေရဲ့သားဟာ လေဆိပ်ကို ထိုင်းလုပ်ငန်းရှင် ၆၀ လောက်နဲ့အတူ မိနစ် ၂၀ လောက်ပဲ ကြိုတင် အသိပေးပြီး အကောက်ခွန်ဂိတ်တွေကို ဖြတ်သွားခဲ့သေးတယ်" ဟု သံရုံးက သီးသန့်မှတ်ချက်ပြုထားသည်။

တခြားသော နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့ဝင်များနှင့်လည်း ဆက်ဆံရသည့်အကြောင်း ထိုင်းစီးပွားရေးသမားက ပြောဆိုခြင်းကို မှတ်တမ်းတင်ထားရာတွင် စစ်ဦးစီး ဗိုလ်ချုပ်တင်ဦး၏ လာဘ်စားမှုလည်း ပါသည်။

ဗိုလ်ချုပ်တင်ဦးကား "အထပ်ထပ်ညှိရတယ်"ဟု နာမည်ကြီးပုံကိုဆိုသည်။ ဗိုလ်ချုပ်တင်ဦး၏သားက လာဘ်ရထားသော မာစီဒီးဘင့်ဇ်ကားတစီးအား မြို့ထဲတွင် လှည့်ပတ်မောင်းရာက စစ်ထောက်လှမ်းရေးက ဗိုလ်ချုပ်တင်ဦးကို မျက်လုံး ဒေါက်ထောက်ကြည့်လာပြီး ဗိုလ်ချုပ်တင်ဦးနေအိမ်ကို စစ်ဆေးတာလုပ်သည်ဟု ဆိုသည်။

"စစ်ထောက်လှမ်းရေးချုပ်ခင်ညွန့်က အဲဒီကားကို အစိုးရထံ အပ်နံ့ဖို့ တင်ဦးကိုဖိအားပေးခဲ့တယ်" ဟု သံရုံးက မှတ်ချက်ပြုဖော်ပြထားသေးသည်။

၁၉၉၇ ခု၌ ပါဆယ်ဗုံးလုပ်ကြံမှုမှ လွတ်မြောက်ခဲ့သော ဒုဗိုလ်ချုပ်ကြီးတင်ဦးသည် ၂၀၀၁ ခု ဖေဖော်ဝါရီလက ကရင်ပြည်နယ် ဘားအံမြို့အနီး ရဟတ်ယာဉ်ပျက်ကျသဖြင့် သေဆုံးသွားခဲ့သည်။

"ထိုင်းစီးပွားရေးသမားကြီးများထဲတွင် တန်ဖိုးကြီးကျောက်မျက်များကို မက်မောသည့် ခင်ညွန့်၏ဇနီး၊ နဝတဥက္ကဋ္ဌအသစ် သန်းရွှေ၏ သားတို့နှင့်ညှိနှိုင်းဆောင်ရွက်ဖူးကြသူများရှိသည်"ဟု ရန်ကုန်မြို့အမေရိကန်သံရုံးက သိရှိရချက်ကို ကြေးနန်းစာအတွင်းရေးသားထားသည်။

၂၀၀၃ ခုတွင် နအဖဝန်ကြီးချုပ်ဖြစ်လာသည့် စစ်ထောက်လှမ်းရေးအကြီးအကဲ ဗိုလ်ချုပ်ကြီးခင်ညွန့်မှာ ၂၀၀၄ အောက်တိုဘာတွင် လာဘ်စားမှု၊ အမိန့်မနာခံမှုစွဲချက်များဖြင့် ရာထူးမှဖယ်ရှားကာ ဆိုင်းငံ့ပြစ်ဒဏ်ထောင်ဒဏ် ၄၄ နှစ်ဖြင့် နေအိမ်အကျယ်ချုပ်ချခံရသည်။

၁၉၉၂ ခု ဧပြီ ၂၃ တွင် ဒုတိယဗိုလ်ချုပ်ကြီးသန်းရွှေ နဝတ ဒုဥက္ကဋ္ဌမှ ဥက္ကဋ္ဌရာထူးတက်သွားခြင်းကိုလည်း "ဒီတာဝန်ကို သူဘာသာသူ တခြားမတရားတဲ့နည်းနဲ့ယူလိုက်တာလား" သို့မဟုတ် "အခြားဗိုလ်ချုပ်တွေကို လာဘ်စားခွင့်ပြုထားပြီး သူက ဒီရာထူးကို ရယူတာလား" ဟု ထိုင်းငါး လုပ်ငန်းရှင်က သံသယရှိခဲ့သည်။

ထိုစဉ်က "ဗိုလ်ချုပ်ကြီးသန်းရွှေမှာမြန်မာအဆင့်အတန်းအရပင် ရိုးရိုးစင်းစင်း နေတတ်သူဖြစ်ပြီး လေအေးပေးစက်လို အနောက်တိုင်းဇိမ်ခံအသုံးအဆောင်တွေ အသုံးနည်းတယ်" ဟု ရန်ကုန်မြို့ အမေရိကန်သံအရာရှိက တဆင့် သိရှိရချက်ကို ကြေးနန်းအတွင်း ပြန်လည်ရေးသားထားသည်။

စစ်ခေါင်းဆောင်အဖြစ် ၁၉ နှစ် ကျော်အာဏာကိုဆုပ်ကိုင်ပြီးနောက် အသက် ၇၈ နှစ်အရွယ်တွင် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ရာထူးမှနုတ်ထွက်ကာ လက်ရှိနေပြည်တော် ဇမ္ဗူသီရိမြို့နယ်တွင် နေထိုင်လျက် ရှိသည်။ သို့သော်လည်း စစ်ဘက် အရေးအရာများကိုမူဆက်လက်စွက်ဖက်ကြိုးကိုင်လျက်ရှိသည်ဟု လေ့လာသူအများကယုံကြည်ကြသည်။ ၂၀၀၆ ခုနှစ်အတွင်း ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ သမီးတဦးဖြစ်သော မသန္တာရွှေ၏ လက်ထပ်မင်္ဂလာဆောင် အခမ်းအနားတွင် အမေရိကန် ဒေါ်လာ သန်း ၅၀ ခန့် အကုန်အကျခံ အသုံးပြုခဲ့သည်ဟု သတင်းထွက်ပေါ်ခဲ့သည်။

---

**အချုပ်အချာ အာဏာကို**
**ပြည်သူသာ ပိုင်ရမည်**

# အပြောင်းအလဲ ကြီးမားဟု သမ္မတအကြံပေးပုဂ္ဂိုလ် ဦးကိုကိုလှိုင်က ပြောဆို

**Mizzima । စက်တင်ဘာ ၁၃ ။** ။ လက်ရှိနိုင်ငံရေး၏ ဖြစ်ပေါ်ပြောင်းလဲမှုသည် ကြီးမားသည့်အပြောင်းအလဲတခု ဖြစ်ခြင်းကြောင့် မြန်လွန်းသောအခြေအနေကို လိုက်မီအောင် ကြိုးစားနေရသည်ဟု သမ္မတ ဦးသိန်းစိန်၏ နိုင်ငံရေးအကြံပေး ပုဂ္ဂိုလ်ဦးကိုကိုလှိုင်က ပြောသည်။

"အရင်ကတိုးတိုးပြောရင်တောင်နောက်လှည့်ကြည့်ပြီးမှပြောရတဲ့စကားတွေ အခုလွှတ်တော်ထဲမှာ ကျယ်ကျယ်ပြောလာကြပြီ။ ဒါဟာ သိသာတဲ့ အပြောင်းအလဲတွေပဲ။ ဒီအပြောင်းအလဲတွေဟာ တမဟုတ်ချင်း ပြောင်းပြန် လှန်လိုက်သလိုပါပဲ။" ဟု ဦးကိုကိုလှိုင်ကပြောသည်။

ထို့ပြင် မြန်မာနိုင်ငံ၏ နိုင်ငံရေးစနစ်သည် actor's invention ဟုခေါ်သည့် ဇာတ်ဆောင်၏ တီထွင်ဖန်တီးမှု တခုဖြစ်လာကြောင်း နိုင်ငံရေးသမားဟောင်း စာရေးဆရာမောင်စူးစမ်းကလည်း ပြောသည်။ ယင်းတို့နှစ်ဦး စက်တင်ဘာ ၁၀ ရက်နေ့က ယနေ့ခေတ်မြန်မာ့နိုင်ငံရေးနှင့်ပတ်သတ်သည့် ဟောပြောပွဲတခုကို လျှပ်တပြက်ဂျာနယ်က တာဝန်ယူစီစဉ်ပြီး Orchid ဟိုတယ်တွင် ပြုလုပ်ရာတွင် ပြောဆိုသွားကြခြင်းဖြစ်သည်။ ဖန်တီးခြင်းနှင့် ထိုးထွင်းကြံစည်ဆောင်ရွက်မှုသည် ဒီနေ့ခေတ်နိုင်ငံရေးတွင်အဓိကကျသည့်အခန်းကဏ္ဍဖြစ်လာကြောင်း မောင်စူးစမ်းက ဆွေးနွေးခဲ့သည်။

အသက် ၈၅ နှစ်ခန့်ရှိပြီဖြစ်သည့် မောင်စူးစမ်းသည် ယခင်က အပတ်စဉ်ထုတ်ဂျာနယ်များတွင် နိုင်ငံရေးဆောင်းပါးများရေးသားခဲ့သော်လည်း သူ့ကလောင်ကို အသက်အရွယ် ကြီးလာခြင်းကြောင့် အနားယူလိုပြီဖြစ်ကြောင်းပြောခဲ့ပြီး စာရေးသားခြင်းကို ခေတ္တရပ်နားခဲ့သည်၊

"ကျနော့်အမြင် နိုင်ငံရေးဆိုတာရိုးရိုးလေးပါပဲ။ပြည်သူတွေကို ကောင်းစားအောင် လုပ်တာနိုင်ငံရေးပါပဲ။" ဟု ဦးကိုကိုလှိုင်ကပြောသည်။ ထို့ပြင်လက်ရှိစီးပွားရေးဆိုင်ရာ အချက်အလက်များကိုလည်း အသေးစိတ်ရှင်းပြပြောဆိုခဲ့သည်။ နိုင်ငံ့စီးပွားရေးတက်စေရန်ဦးစားပေးအဆင့်များကို ခွဲခြားခဲ့ရာ အဓိကသည် ဆင်းရဲနွမ်းပါးမှုကြောင့် ဖြစ်ခဲ့ရခြင်းကို လေ့လာခဲ့ရသဖြင့် ထိုအချက်နှင့် သက်ဆိုင်သည့် စည်းဝေးပွဲများပြုလုပ်ခဲ့ပြီး နောက်တဆင့် အနေဖြင့် မက်ခရို အီကော်နောမီနှင့်ပတ်သတ်သည့် ဆွေးနွေးပွဲကို ပြုလုပ်ခဲ့ရာ နိုင်ငံတကာရောက် ပညာရှင်များအပြင် ဒေါ်အောင်ဆန်းစုကြည်လည်း တက်ရောက်ခဲ့သဖြင့် ပိုမိုတိုးတက်လာခဲ့ပြီး နောင်တွင် ယခုထက်ပိုမိုသည့် တိုးတက်မှုကို မြင်တွေ့ရလာနိုင်သည်ဟု သူက ခန့်မှန်းပြောဆိုသည်။

---

**စာမျက်နှာ ၄ မှ**

နောက်ပြီး ကျန်တဲ့ NLD အဖွဲ့ဝင်တွေရော ဘာဖြစ်နေကြသလဲ။

ကျမဟာ ပူပင်သောကစိတ် အသေအချာမသိနိုင်တဲ့စိတ်တွေကြောင့် မလှုပ်ချင် မရှားချင်ဖြစ်နေခဲ့မှာပါ။ အခုလို ကျန်းမာရေးလေ့ကျင့်ခန်းလိုက်စားသူတယောက်ရဲ့ အသိဉာဏ်မျိုးနဲ့ လေ့ကျင့်ခန်းလုပ်နေတာဟာ ကျမရဲ့စိတ်ဓာတ် ကျမရဲ့သဘာဝနဲ့ မကိုက်ပါဘူး။ အဲဒီ အချိန်မှာ အက်ခ်မာတိုဗာ ရေးခဲ့တဲ့စာကြောင်းတွေဟာ ကျမရဲ့ခေါင်းထဲမှာ မပေါ်ခဲ့ပါဘူး။

"မဟုတ် ဤအချင်းအရာသည် ငါ၏ စိတ်နေသဘာဝမဟုတ်၊ ယခုပြင်ပန်းဆင်းရဲခံစားသူသည် တခြားသူတယောက်၊ ငါကား ထိုအဖြစ်အပျက်နှင့် ဖြစ်ပျက်ခဲ့သမျှ အရာအားလုံးကို မည်သည့်အခါမှ လက်မခံနိုင်။" ဆိုတဲ့ စာကြောင်းလေးပါ။ အဲဒီနောက် အချိန်ကာလအများကြီးကြာပြီးတဲ့အခါမှာမှ ကျမရဲ့အိမ်ကို ပြန်ရောက်သည်။ ဒါပေမယ့် အထိန်းအသိမ်းခံနေရဆဲ အချိန်ကိုရောက်တဲ့အခါမှာမှ ဒီ ဝတ်ပြုဆုတောင်းပွဲ စကားလုံးတွေဟာ ကျမရဲ့ခေါင်းထဲ ပြန်ပေါ်ခဲ့ပါတယ်။ အဲဒီလို သတိရတဲ့အချိန်မှာ လူကို ကာယဗလ ခွန်အားကြီးတခုကလာပြီး ထိခိုက်တာ ခံရသလောက်နီးပါး ကျမခံစားလိုက်ရတဲ့ ခံစားချက်ကကျမတို့ဟာ စိတ်ဓာတ်ခွန်အားနဲ့ ခံနိုင်ရည်စွမ်းပကားကို အလိုအပ်ဆုံးဖြစ်နေတဲ့အချိန်မှာ အားကိုးအားထားပြုစရာဆိုလို့ မိမိတို့ရဲ့ အတွင်းစိတ်ဓာတ်အင်အားသာလျှင် ရှိကြတဲ့ ကျမတို့တတွေကို ဆက်သွယ်ချည်နှောင်တဲ့ ခိုင်မာတဲ့ မေ တ္တာဓာတ် ရိုက်ခတ်မှု ဖြစ်ပါတယ်ရှင်။ ✡✡✡✡✡

---

# အတိုက်အခံတွေ ပြန်လာနိုင်ပြီ

**RFA । စက်တင်ဘာ ၁၃ ။** ။ ပြည်ပရောက် နိုင်ငံရေးအမြင်ကွဲပြားသူတွေ၊ ဒီမိုကရေစီရေးလှုပ်ရှားနေတဲ့ မြန်မာနိုင်ငံသားတွေအနေနဲ့ မြန်မာနိုင်ငံကို စိုးရိမ်စိတ်မရှိဘဲ ပြန်လာနိုင်ကြောင်း သမ္မတဦးသိန်းစိန်ရဲ့ ဥပဒေအကြံပေးအဖွဲ့ခေါင်းဆောင် ရဲမှူးကြီးဟောင်းဦးစစ်အေးက RFA ကို ဒီကနေ့ ပြောဆိုပါတယ်။

"ပြန်လာလို့ရတယ်ဆိုတာက ကိုယ့်ရေးကိုယ်တာနဲ့ သက်ဆိုင်တဲ့ ပြဿနာရှိရင်တော့ ရှင်းပေါ့။ ကျန်တဲ့ဟာတွေကတော့ ကျနော်တို့ ရှင်းပေးလို့ရလို့သာ ဖိတ်ခေါ်တာဖြစ်ပါတယ်။ အရင်ကလည်း ကျနော်တို့ နိုင်ငံမှာ ဒါမျိုးတွေ လုပ်ခဲ့ဖူးတာပဲ။"

"ဘယ်တုန်းကမှ အရေးယူတယ်ဆိုတာမှ မရှိခဲ့တာဘဲ။ နိုင်ငံရေးလှုပ်ရှားတယ်ဆိုတာကတော့ အခုဟာက ဒီမိုကရက်တစ် အစိုးရဖြစ်ပြီပဲ ဒါ့ကြောင့်လဲ အားလုံးကိုဖြေရှင်းပြီး ခေါ်လိုက်တာပေါ့။ နိုင်ငံ့အကြီးအကဲတယောက်က သဘောထားကြီးကြီးနဲ့ အမြင်မတူဘဲ နိုင်ငံရေးလုပ်တာ ပြောတာဆိုတာရှိမှာပေါ့။ ဒါတွေကို သဘောထားကြီးကြီးနဲ့ ဆုံးဖြတ်ပြီး လက်ခံမယ်လို့ ပြောတဲ့ကိစ္စပဲ"

ပြည်ပအခြေစိုက် မြန်မာနိုင်ငံရှေ့နေများ ကောင်စီအတွင်းရေးမှူး ဦးအောင်ထူးကတော့ အစိုးရအနေနဲ့ အမှန်တကယ်ပြုပြင်ပြောင်းလဲရေးလုပ်ဆောင်ဖို့ ဆန္ဒရှိတယ်ဆိုရင် ပြည်တွင်း ပြည်ပ မခွဲခြားဘဲအထွေ ထွေလွတ်ငြိမ်းချမ်းသာခွင့် ကြေညာပေးဖို့ လိုအပ်တယ်လို့ပြောပါတယ်။

"မြန်မာနိုင်ငံသားတွေ ပြန်လာရေးနဲ့ ပတ်သက်ပြီး ဦးသိန်းစိန်ရဲ့ ထုတ်ပြန်ချက်ဟာ နိုင်ငံရေးအရ သနပ်ခါးလိမ်းချင်လို့လား။ ဒါမှမဟုတ် ဥပဒေစိုးမိုးရေးအခြေခံကို တည်ဆောက်ချင်တာလား။ ကျနော်တို့ကတော့ ဥပဒေစိုးမိုးရေး အခြေခံကနေ သုံးသပ်အကြံပေးချင်တယ်။ ဒီအတိုင်းပြန်သွားရင်တော့ သမ္မတဦးသိန်းစိန်လက်ထဲမှာလူထုတွေ ဟာ အချိန်မရွေး ပြန်ဖမ်းလို့ရတဲ့ အနေအထားကို ရောက်သွားနိုင်တယ်"

ဒါ့ပြင် ပြည်ပကနေပြန်သွားတဲ့ မြန်မာနိုင်ငံသားတွေ အနေနဲ့ အချိန်မရွေး ပြန်လည်ဖမ်းဆီးခံရနိုင်တာကြောင့် နိုင်ငံသား အားလုံးအတွက် တရားဥပဒေစိုးမိုးရေးကို အာမခံချက်ရှိအောင် ဖိနှိပ်မှုယန္တရားတွေ၊ ဥပဒေတွေ ပြုပြင်ပြောင်းလဲဖို့ လိုအပ်တယ်လို့လည်း မြန်မာနိုင်ငံရှေ့နေများကောင်စီအကြီးအကဲ ဦးအောင်ထူးက ပြောပါတယ်။




**စက်တင်ဘာ ၁၅၊** AP ॥ ॥ စည်သူဇေယျအား ထောင်နောက်ထပ် ၁၀ နှစ်ချခြင်းအတွက် မြန်မာအစိုးရအား Reporters without Borders မှ ဝေဖန် ပြစ်တင်၏။

**စက်တင်ဘာ ၁၅၊** Rtrs ॥ ॥ ယူတူးဘ်စသည့် ဗွီဒီယိုဝက်ဘ်စိုက်နှင့် သတင်းဝက်ဘ်စိုက် အချို့ကို မြန်မာအစိုးရမှ ပိတ်ပင်ထားရာမှ ယနေ့ အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့တွင် ဖွင့်ပေးလိုက်၏။

**စက်တင်ဘာ ၁၅၊** Rtrs ॥ ॥ အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့ကို ဒေါ်အောင်ဆန်းစုကြည်အပါအဝင် အဲန်အဲလ်ဒီဝင်များ ဒီမိုကရေစီဘက်တော်သားများမှ ကျင်းပရာ ဒေါ်အောင်ဆန်းစုကြည်မှ အပြောင်းအလွဲများ ဝင်ရိုးစွန်းတွင် မြင်နေရကြောင်းဖြင့်ဆို၏။

**စက်တင်ဘာ ၁၄၊** Epoch Times ॥ ॥ နိုင်ငံရေးအကျဉ်းသားများအား လွှတ်ရန် မြန်မာအား Human Rights Watch မှ ထပ်မံတောင်းဆို၏။

**စက်တင်ဘာ ၁၅၊** News Reports ॥ ॥ နေပြည်တော်နှင့် ရန်ကုန်တို့တွင် အစိုးရ၊ ပြည်သူနှင့် အသိုင်းအဝိုင်းအနံ့တတို့နှင့် တွေ့ဆုံပြီးနောက် အမေရိကန် မြန်မာရေးရာ ပေါ်လစီမှူး Derek Mitchel မှ သတင်းစာရှင်းလင်းပွဲကျင်းပ၏။

**စက်တင်ဘာ ၁၅၊** AFP/Sin Chew Jit Poh ॥ ॥ ရှေ့အပတ်တွင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ကလင်တန်သည် မြန်မာနိုင်ငံခြားရေးဝန်ကြီးနှင့် နျူးယောက်တွင် တွေ့ဆုံမည်။

**စက်တင်ဘာ ၁၅၊** Nation သတင်းစာအာဘော် BKK ॥ ॥ မြန်မာသည် အသိအမှတ်ပြုလောက်အောင် အပြောင်းအလဲများ မလုပ်သေး။

**စက်တင်ဘာ ၁၅၊** XNA ॥ ॥ မြန်မာသည် စက်တင်လာ ၁၄ တွင် ပြည်သူပိုင်စက်ရုံ ၉ ခုအား ပုဂ္ဂလိကသို့ နှစ်ရှည် ငှားရမ်းလွှဲပေးခဲ့၏။

**စက်တင်ဘာ ၁၅၊** Asahi Simbun ॥ ॥ မြန်မာတွင် အသင့်အတင့် လွတ်လပ်စွာ ပြောဆို တင်ပြခွင့် ရလာသည်ကို မြင်ရကြောင်း နေပြည်တော် ပါလီမန်တွင် သတင်းယူခွင့်ရသူ အာစာဟိသတင်းစာမှ သတင်းထောက်တဦးမှဆို၏။ သို့သော် သတင်းထောက်များသည် အမတ်များနှင့် တိုက်ရိုက်တွေ့ဆုံမေးမြန်းခွင့်မရကြောင်း။

**စက်တင်ဘာ ၁၅၊** Irrawaddy ॥ ॥ ကုလသမဂ္ဂမှ ၂၀၀၈ မှ စတင်မြှင့်တင်ခဲ့သည့် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့ကို အမျိုးသားဒီမိုကရေစီအဖွဲ့မှ ကျင်းပခွင့်ရရာ လူ ၂၀၀ ခန့်တက်ခဲ့ကာ ဒေါ်အောင်ဆန်းစုကြည်မှ အပြောင်းအလဲအတွက် အခွင့်အခါကောင်းဖြစ်ကြောင်း မိန့်ခွန်းပြော၏။

**စက်တင်ဘာ ၁၅၊** Irrawaddy ॥ ॥ ပုသိမ်တွင် လယ်သမား ၁၀၀ ခန့်သည် ယုဇနကုမ္ပဏီအတွက် ၂၀၀၀ ခုမှစ၍ လယ်မြေအသိမ်းခံရမှုကို လှည့်လည်ဆန္ဒပြ၏။

**စက်တင်ဘာ ၁၅၊** Irrawaddy ॥ ॥ ရှမ်းပြည်နယ်တပ်မှ ရဲဘော်ဟောင်း ရှမ်းသန်တော်ဆင့် SHAN မှ သတင်းစာဆရာ Saengjuen Sarawin (၆၉နှစ်) သည် အသည်းရောဂါဖြင့် သေဆုံးခဲ့၏။

**စက်တင်ဘာ ၁၅၊** Mizzima ॥ ॥ ဖနွမ်ပင်တွင် ကျင်းပမည့် အာဆီယံတွင်း ပါလီမန်အမတ်များအဖွဲ့ AIPA သို့ မြန်မာမှ ပထမဦးဆုံးအကြိမ်အဖြစ် ဝန်ကြီး ၁၄ ဦး တက်ရောက်မည်။

**စက်တင်ဘာ ၁၅၊** DVB ॥ ॥ ၂၀၀၇ မှစ၍ ထောင်အနှစ် ၂၀ ကျနေသော ကိုဇော်လင်းထွန်း (ABFSU) သည် ဗိုက်နှင့်အသဲ ကင်ဆာရောဂါဖြင့် ဘဝနောက်ဆုံးအဆင့်ရောက်နေ၍ လွှတ်ပေးရန် မိသားစုမှ သမတထံ အသနားခံထားကြောင်း။

**စက်တင်ဘာ ၁၄၊** AFP ॥ ॥ တောလမ်းမှ ထိုင်းသို့ အလုပ်လုပ်ရန်လာသူ မြန်မာများစွာ ရောင်းစားခံရပြီး ထိုင်း ငါးဖမ်းသင်္ဘောများပေါ်တွင် နေ့စဉ် နာရီနှင့်အမျှ အရိုက်ခံရ ကျွန်ခံခဲ့ရပုံကို အမည်မဖေါ်လိုသူ အဓမ္မကျွန်လုပ်အားပေးခဲ့ရသူ တိုင်းရင်းမြန်မာများမှ ရင်ဖွင့်၏။

**စက်တင်ဘာ ၁၄၊** Nation, BKK ॥ ॥ အကောင်းဖက်ပြုပြင်ပြောင်းလဲလျှင် မြန်မာအား ကမ္ဘာမှ ကြိုဆိုမည်။

**စက်တင်ဘာ ၁၄၊** BP ॥ ॥ ထိုင်း ကြေးတပ် စစ်ဦးစီး Prayuth Chan-Ocha သည် မိမိကိုယ်မိမိ မိတ်ဆက်ရန် မြန်မာသို့ ယနေ့ထွက်ခွာ၏။

**စက်တင်ဘာ ၁၄၊** ABC Australia ॥ ॥ တရုတ်၊ မြန်မာနှင့် မြောက်ကိုးရီးယားတို့သည် ဘာသာရေးလွတ်လပ်မှုကို အဖောက်ဖျက်ဆုံး ရှစ်နိုင်ငံတွင် ထိပ်ဆုံးမှပါကြောင်း အမေရိကန် နိုင်ငံခြားရေးဌာန ထုတ်ပြန်စာရင်းမှဆို၏။

**စက်တင်ဘာ ၁၄၊** Aggregate Research Industries ॥ ॥ ကျိုက်မရောတွင် နိုင်ငံခြားမှ ဇိလပ်မြေစက်ရုံများသည် ရွာသားများအား လျော်ကြေးငွေ လုံလောက်စွာမပေးဘဲ လယ်ယာများစွန့်စေရန် ဖိအားဖြင့်နှင်ကြောင်း မွန် လူ့အခွင့်အရေးအဖွဲ့မှဆို၏။

**စက်တင်ဘာ ၁၄၊** Irrawaddy ॥ ॥ ကမ္ဘာမှ ပိတ်ပင်ထားသော မက်စ်မြန်မာ ကုမ္ပဏီပိုင်ရှင်လည်းဖြစ်၊ မြန်မာဘော်လုံးအဖွဲ့၏ ဥက္ကဌလည်းဖြစ်သော ဦးဇော်ဇော်၏ ဖိတ်ကြားချက်အရ ဒေါ်အောင်ဆန်းစုကြည်သည် မြန်မာနှင့်လာအို ဘော်လုံးပွဲ ကြည့်ခဲ့ကြောင်း။

**စက်တင်ဘာ ၁၄၊** Irrawaddoy ॥ ဒီမိုကရက်တစ်မြန်မာ့အသံ DVB ဓါတ်ပုံသတင်းထောက်ကို စည်သူဇေယျာအား ရန်ကုန်တရားရုံးမှ ထောင်ဒဏ် နောက်ထပ် ၁၀ နှစ်ချမှတ်ခဲ့ကြောင်း။

**စက်တင်ဘာ ၁၄၊** Mizzima ॥ ॥ ကနဦးခြေလှမ်းအဖြစ် မြန်မာသည် လူ့အခွင့်အရေးဖေါက်ဖျက်မှုများကို စုံစမ်းစစ်ဆေးရန် လိုကြောင်း အမေရိကန်၏ မြန်မာအပေါ်သဘောထားရေးရာမှူး Derek Mitchell မှ မြန်မာသို့ ဆိုကြောင်း။

**စက်တင်ဘာ ၁၄၊** VOA. Mizima ॥ ॥ မြန်မာတွင် အစိုးရအပြောင်းအလဲ တခုတည်းနှင့် မလုံလောက်ဘဲ ဒီမိုကရေစီ အမြစ်တွယ်ရန် လိုကြောင်းနှင့် ထိုအတွက် မိမိမှ ကြိုးပမ်းမည်ဖြစ်ကြောင်း။

**စက်တင်ဘာ ၁၄၊** DVB ॥ ॥ ရှမ်းပြည်နယ်တပ်နှင့် တိုက်ပွဲ ဖြစ်ပြီးတိုင်း အစိုးရတပ်များသည် ရှမ်းရွာများနှင့် ရွာသူရွာသားများအား ဖျက်စီးခြင်း၊ ရိုက်နှက်ခြင်းများသည် လုပ်ရိုးလုပ်စဉ်ဖြစ်ကြောင်း၊

**စာမျက်နှာ ၁၃ သို့**

# အမေရိကန်အထူးကိုယ်စားလှယ် နိုင်ငံရေးအကျဉ်းသားဟောင်းများနဲ့တွေ့ဆုံ

**VOA ၊ စက်တင်ဘာ ၁၂ ။** ။ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံရဲ့ အထူးကိုယ်စားလှယ်နဲ့ မူဝါဒညှိနှိုင်းရေးမှူးဖြစ်တဲ့ Mr.Derek Mitchell ပထမဆုံးမြန်မာပြည်ခရီးစဉ်အဖြစ် စက်တင်ဘာ ၉ ရက် ကနေ ၁၄ ရက်နေ့အထိ မြန်မာနိုင်ငံမှာ ၅ ရက်ကြာ ရောက်ရှိနေပါတယ်။ Mr.Derek Mitchell ဟာ စက်တင်ဘာလ ၉ ရက်နေ့က နေပြည်တော်မှာ နိုင်ငံခြားရေးဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် အပါအဝင် မြန်မာအစိုးရအဖွဲ့ဝင်တချို့နဲ့တွေ့ဆုံခဲ့ပါတယ်။ စက်တင်ဘာလ ၁၁ ရက်တနင်္ဂနွေနေ့ မှာတော့ အမေရိကန်အထူးကိုယ်စားလှယ်ဟာ လူမှုကူညီရေး အသင်းတွေဖြစ်တဲ့ ရုပ်ရှင်မင်းသားဦးကျော်သူ ဦးစီးတဲ့ နာရေးကူညီမှုအသင်း၊ သုခကုသိုလ်ဖြစ် ဆေးခန်းနဲ့တောင်ဒဂုံမြို့ နယ်မှာ မဖြူဖြူသင်း ဦးစီးတဲ့ HIV/AIDS ဝေဒနာသည်တွေ ကူညီစောင့်ရှောက်ရေးဂေဟာတွေကို သွားရောက်လေ့လာခဲ့ပါတယ်။

စက်တင်ဘာ ၁၂ ရက် မနေ့ကတော့ Mr.Derek Mitchell ဟာ ရန်ကုန်မြို့က မြန်မာ့ဒီမိုကရေစီခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်ရဲ့နေအိမ်မှာ ဒေါ်အောင်ဆန်းစုကြည်နဲ့ သီးသန့် တွေ့ဆုံပြီးတဆက်တည်း NLD ဒုတိယဥက္ကဋ္ဌဦးတင်ဦး အပါအဝင် NLD ဗဟိုအလုပ်အမှုဆောင်ကော်မတီအဖွဲ့ဝင်တွေနဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားပြု ကော်မတီဝင် CRPP အဖွဲ့ဝင်တွေကိုပါ တွေ့ဆုံဆွေးနွေးခဲ့ပါတယ်။ စက်တင်ဘာ ၁၂ ရက် တနင်္လာနေ့မှာပဲ Mr.Derek Mitchell ဟာ နိုင်ငံရေးအကျဉ်းသားဟောင်းတွေနဲ့ သီးခြားတွေ့ဆုံပြီး မြန်မာ့တရားစီရင်ရေး၊ လူ့အခွင့်အရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့နဲ့ပတ်သက်ပြီးဆွေးနွေးခဲ့ကြပါတယ်။ ဒ့ါအပြင် သူ့အနေနဲ့ အစိုးရနဲ့တွေ့ဆုံဆွေးနွေးမှုအခြေအနေကိုလည်း အကျဉ်းချုပ်ပြောခဲ့တယ်လို့ ဖိတ်ကြားခံရသူတွေက ပြောပါတယ်။ အပြည့်အစုံကို မသီဂီထိုက်က စုံစမ်းမေးမြန်းပြီးတင်ပြပေးထားပါတယ်။

Mr.Derek Mitchell ဟာ စက်တင်ဘာလ ၁၂ ရက်နေ့မှာမြန်မာနိုင်ငံရဲ့ တရားစီရင်ရေး၊ လူ့အခွင့်အရေးနဲ့ ဖွံ့ဖြိုးရေးလှုပ်ရှားဆောင်ရွက်နေသူ ၄ ဦးကို ရန်ကုန်မြို့တော်မှာရှိတဲ့ အမေရိကန် သတင်းနဲ့ ပြန်ကြားရေးဌာန (အမေရိကန် စင်တာ) မှာ သီးခြား ဖိတ်ကြားပြီး မြန်မာနိုင်ငံရဲ့ လက်ရှိအခြေအနေတွေကို ဆွေးနွေးခဲ့ပါတယ်။ ဥပဒေအကြံပေးဦးအောင်သိန်း၊ လူ့အခွင့်အရေးလှုပ်ရှားသူ ဦးမောင်မောင်လေး၊ မကြာခင်ကမှ အကျဉ်းထောင်က ပြန်လည်လွတ်မြောက်လာကြတဲ့ ဟစ်ပ်ဟော့ပ် အဆိုတော်ဇေယျာသော်နဲ့ ၈၈ မျိုးဆက်ကျောင်းသားဟောင်း ကိုမြတ်သူတို့နဲ့ တွေ့ဆုံခဲ့တာပါ။

ဥပဒေ အကြံပေး ဦးအောင်သိန်းက Mr.Derek Mitchell နဲ့ တွေ့ဆုံရာမှာ မြန်မာနိုင်ငံရဲ့လွတ်လပ်စွာ တရားစီရင်ခွင့်မရှိတဲ့ တရားရေးမဏ္ဍိုင်အကြောင်း ပြောခဲ့တယ်လို့ အခုလိုပြောပါတယ်။

"ဖွဲ့စည်းပုံ အခြေခံဥပဒေမှာ ပြင်လို့ရအောင် ခက်ခဲအောင် လုပ်ထားတဲ့ ၇၅% လွှတ်တော်ကိုယ်စားလှယ်တွေက နေပြီးတော့ သဘောတူမှသာလျှင် ပြင်လို့ရမယ်ဆိုတဲ့ ဥပဒေပြဿနာပေါ်မှာ ဒါမဖြစ်သင့်ဘူး။ ဒါကို ရာခိုင်နှုန်းအားဖြင့် သော်လည်းကောင်း၊ ပယ်ဖျက်၍သော်လည်းကောင်း တခုခုတော့ ပြုလုပ်သင့်တယ်ဆိုတဲ့ သဘောထားကိုတော့ ကျနော်သူ့ကို ပြောပြခဲ့ပါတယ်။

"နောက်တခုကတော့ ကျနော်တို့နိုင်ငံရဲ့ လက်ရှိဖြစ်ပေါ်နေတဲ့ တရားစီရင်ရေးစနစ်ကို ၃ ပိုင်းခွဲပြီး ကျနော် သူ့ကိုပြောပြတယ်။ နိုင်ငံရေးလှုပ်ရှားသူ နိုင်ငံရေးသမားတွေ အမှုတွေမှာတော့ အုပ်ချုပ်ရေးအာဏာပိုင်တွေက တရားစီရင်ရေးအပေါ်မှာ ဝင်ရောက်စွက်ဖက်တာတွေရှိပါတယ်။ အဲဒီအချိန်မှာ အုပ်ချုပ်ရေးအာဏာပိုင်ရဲ့ စွက်ဖက်မှုကြောင့် တရားစီရင်ရေးဟာ မလွတ်လပ်ဘူး။ ကျနော်အဓိက ပြောတာက လွတ်လပ်တဲ့တရားစီရင်ရေး ဖြစ်မဖြစ်ဆိုတဲ့ ကိစ္စပေါ်မှာအခြေခံပြီး ကျနော်က ပြောတာကိုးဗျ။"

လူ့အခွင့်အရေး ကာကွယ်မြှင့်တင်သူများ ကွန်ရက်က ဦးမောင်မောင်လေးကို လက်ရှိ မြန်မာနိုင်ငံရဲ့ လူ့အခွင့်အရေး အခြေအနေတွေကို မေးမြန်းခဲ့တယ်လို့ ဆိုပါတယ်။ မြန်မာနိုင်ငံမှာ အစိုးရသစ် ပြောင်းလာပေမဲ့ ယုံကြည်ချက်ကြောင့် အကျဉ်းကျနေတဲ့ နိုင်ငံရေး အကျဉ်းသားတွေဟာ အခုထက်ထိ အကျဉ်းထောင်တွေမှာ ထောင်ဒဏ်တွေ ကျခံနေရဆဲ ဖြစ်ကြောင်း၊ တိုင်းရင်းသားဒေသတွေမှာ လက်နက်ကိုင် ပဋိပက္ခတွေ တိုးပွားလာတဲ့ အနေအထား၊ ဒုက္ခသည်အရေး၊ မတရား လယ်သိမ်းခံရတဲ့ လယ်သမားတွေရဲ့ လက်ရှိအခြေအနေ၊ အလုပ်သမားတွေရဲ့ အခွင့်အရေးအပြင် စိုးရိမ်ဖွယ်ရာကလေးစစ်သား ကိစ္စတွေကို ရှင်းပြခဲ့တယ်လို့ ဦးမောင်မောင်လေးက ပြောပါတယ်။

ဒီအပေါ်မှာတော့ Mr.Derek Mitchell က မှတ်ချက်ပေးတာမရှိပေမဲ့ အစိုးရနဲ့တွေ့ဆုံဆွေးနွေးမှုအခြေအနေကို ပြန်ပြီး ရှင်းပြခဲ့တယ်လို့ ဦးမောင်မောင်လေးက အခုလို ပြောပါတယ်။

"ဒီမိုကရေစီရေး၊ လူ့အခွင့်အရေးတွေရယ်၊ ဖွံ့ဖြိုးတိုးတက်မှုကိစ္စတွေရယ်၊ အမျိုးသား ပြန်လည် ရင်ကြားစေ့ရေးအတွက် အဓိကအရေးကြီးတယ်။ အဓိပ္ပာယ်ပြည့်ဝတဲ့ ဆွေးနွေးမှုတရပ် ဆွေးနွေးဖို့လိုအပ်တယ်ဆိုတာ သူပြောခဲ့တယ်ပေါ့လေ။ အဓိပ္ပာယ်ပြည့်တဲ့ ဆွေးနွေးမှုတရပ်ဆိုတာတဲ့ ဒေါ်အောင်ဆန်းစုကြည် အပါအဝင်၊ တိုင်းရင်းသားခေါင်းဆောင်တွေအပါအဝင် ဆွေးနွေးနိုင်ပြီး မြန်မာပြည်ရဲ့လက်ရှိ နိုင်ငံရေးအခြေအနေတွေကို ကျော်လွှားနိုင်တဲ့ အခြေ အနေတရပ်ဖြစ်မှသာလျှင် သူတို့ဘက်က ပေါ်လစီမူဝါဒပြောင်းဖို့ကိစ္စ ဆောင်ရွက်မယ်ဆိုတဲ့ အကြောင်းလေးတွေ သူ့ဘက်က ဆွေးနွေးတင်ပြတဲ့ အခြေအနေပေါ့။"

မကြာခင်ကမှ ထောင်က လွတ်မြောက်လာတဲ့ ဟစ်ပ်ဟော့ပ် အဆိုတော်ဇေယျာသော်လည်း ဒီကနေ့တွေ့ဆုံပွဲမှာ တက်ရောက်ခဲ့ပါတယ်။ ကိုဇေယျာသော်က သူနဲ့ ပြောဖြစ် ဆိုဖြစ်တဲ့ အကြောင်းကို အခုလို ပြောပါတယ်။

"အခုလက်ရှိ အမေဒေါ်အောင်ဆန်းစုကြည်နဲ့ သမ္မတဦးသိန်းစိန်တို့ ၂ ယောက် တွေ့ဆုံခဲ့တဲ့ တွေ့ဆုံမှုအပေါ်မှာ မူဝါဒအားဖြင့်ဆိုရင်တော့ ကျနော်တို့က လက်လည်း လက်ခံတယ်၊ သဘောလည်း

**စာမျက်နှာ ၁၂ သို့**



# သတင်းတိုထွာဖတ်စရာ

## ပြင်သစ်က သတိနဲ့စောင့်ကြည့်

မြန်မာနိုင်ငံမှာ အပြောင်းအလဲတွေ မြင်တွေ့နေရပေမယ့် ဒီအပြောင်းအလဲတွေဟာ ဘယ်လောက်အထိ ခိုင်ခိုင်မာမာ ဖြစ်လာမလဲဆိုတာကိုတော့ စောင့်ကြည့်နေရမှာဖြစ်တယ်လို့ ရန်ကုန်မြို့ ပြင်သစ်သံရုံးမှ သံအမတ်ကြီးက ပြောပါတယ်။ ရွေးကောက်ပွဲဝင် နိုင်ငံရေးပါတီခေါင်းဆောင်တချို့နဲ့ တွေ့ဆုံအပြီးမှာ အခုလိုပြောဆိုလိုက်တာပါ။ နိုင်ငံရေးပါတီတွေအနေနဲ့ တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ကြဖို့လည်း ပြင်သစ်သံအမတ်ကြီးက တိုက်တွန်းခဲ့တယ်လို့လည်းဆိုပါတယ်။ (RFA, Sept 15-2011)

## Gmail ရောင်းရန်ရှိသည်

ရန်ကုန်မြို့မှာ Gmail အရောင်းအဝယ်ဖြစ်နေတာ ထူးဆန်းနေပါတယ်။ Verify Gmail Gtalk အကောင့်အသစ်ဖွင့်ချင်ရင် ၉၀၀၀ ကျပ်၊ GMail အကောင့်အား 7GB Storage မှ 27GB Storage Update လုပ်ချင်ပါက ၉၀၀၀ ကျပ်၊ မိမိ Gmail အကောင့်အတွင်း Verification ဖြစ်ခြင်း၊ Lock ကျခြင်းဖြစ်ကာအကောင့်ထဲ ဝင်ရသူများအား အထူးတာဝန်ယူ ကူညီလုပ်ဆောင်ပေးတယ်လို့ဆိုပါတယ်။ (Mizzima , Sept 9-2011)

## ရန်ကုန်မြို့က ဆယ်ပြားဈေး

ရန်ကုန်မြို့က လေဟာပြင်ဈေးကို ဆယ်ပြားဈေးအဖြစ်ဖွင့်လှစ်ဖို့ သက်ဆိုင်ရာအာဏာပိုင်များက စီစဉ်နေတယ်လို့ဆိုပါတယ်။ ကိုယ့်အိမ်က အသုံးမလိုတော့တဲ့ ပစ္စည်းတွေ၊ အမှတ်တရပစ္စည်းတွေကို လာရောက်ရောင်းချနိုင်ဖို့ မြို့တော်စည်ပင်က စီစဉ်နေတာဖြစ်ပါတယ်။ ဒီ အဟောင်းဈေးကို စနေ တနင်္ဂနွေ ရုံးပိတ်ရက်တွေမှာ လုပ်မယ်လို့ဆိုပါတယ်။ နိုင်ငံတကာမှာရှိတဲ့ အဟောင်းဈေးကိုအားကျပြီး အခုလိုစီစဉ်တာလို့လည်း ရန်ကုန် မြို့တော်ဝန်က ပြောတယ်လို့ဆိုပါတယ်။ ဆင်းရဲလွန်းလှတဲ့ မြန်မာနိုင်ငံက အဟောင်းဈေးနဲ့ ချမ်းသာတဲ့ နိုင်ငံက အဟောင်းဈေး ယှဉ်တွေးကြည့်မိသည်။ (VOB , Sept 14-2011)

## ဒဏ်ခတ်ပိတ်ဆို့မှု ဆက်ထားမည်

ဒဏ်ခတ်ပိတ်ဆို့မှုတွေ ဆက်ရှိနေမှာဖြစ်တယ်လို့ အမေရိကန်အထူးသံ Derek Mitchell က ပြောဆိုလိုက်ပါတယ်။ အရပ်အသားအစိုးရအနေနဲ့ ထူးခြားတဲ့ပြောင်းလဲမှုတွေဖော်ဆောင်မယ်ဆိုရင် အပြုသဘောတုန့်ပြန်မယ်လို့ဆိုပါတယ်။ အစိုးရတာဝန်ရှိသူများကို နိုင်ငံရေးအကျဉ်းသားတွေ လွှတ်ပေးဖို့ကိုလည်း ပြောဆိုခဲ့ပါတယ်။ ဦးသိန်းစိန်အစိုးရအနေနဲ့ မြောက်ကိုရီယားနဲ့ နီးနီးကပ်ကပ်ဆက်ဆံနေတာကိုလည်း သတိပေးပြောဆိုခဲ့တယ်လို့လည်း သတင်းကဆိုပါတယ်။ (RANGOON (AP), Sept 15-2011)

## ဟိုတယ်များ တိုးချဲ့ပြုပြင်

မြန်မာနိုင်ငံကဟိုတယ်များကို ပိုမိုကောင်းမွန်အောင်ပြုပြင်သွားမယ်လို့ဆိုပါတယ်။ ကမ္ဘာလှည့်ခရီးသည်များကို ဆွဲဆောင်ဖို့ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ အာရှအဆင့်မှီဟိုတယ် ၂၀ ကျော်ရှိတယ်လို့သတင်းကဆိုပါတယ်။ မြန်မာနိုင်ငံကို ကမ္ဘာလှည့်ခရီးသည်အဖြစ် တရုတ်နိုင်ငံက အများဆုံးလာရောက်တာဖြစ်ပြီး ဂျာမဏီ စပိန် နော်ဝေး ထိုင်း ကမ္ဘောဒီးယားနဲ့ အိန္ဒိယနိုင်ငံတွေက ခရီးသည်အလာများတယ်လို့ဆိုပါတယ်။ (Xinhua, Sept 13-2011)

## ထိုင်းဗိုလ်ချုပ် နေပြည်တော်သွား

နှစ်နိုင်ငံအကြား နယ်စပ်ဒေသမှ မူးယစ်ဆေးဝါးနှိမ်နင်းရေးပူးပေါင်းလုပ်ဆောင်ရန် ညှိနှိုင်းဆွေးနွေးဖို့အတွက် ထိုင်းစစ်တပ်ထိပ်ပိုင်းခေါင်းဆောင် ဗိုလ်ချုပ် Prayuth Chan-ocha ဟာ ဗုဒ္ဓဟူးနေ့မနက်ပိုင်းက နေပြည်တော်ကိုသွားရောက်ခဲ့တယ်လို့ဆိုပါတယ်။ ထိုင်းအစိုးရရဲ့ ဘိန်းနှိမ်နင်းရေးမှာ ဗမာအစိုးရရဲ့ အပြည့်အဝပူးပေါင်းဆောင်ရွက်ခဲ့တယ်လို့လည်း ထိုင်းဗိုလ်ချုပ် Prayuth Chan-ocha က ဆိုပါတယ်။ (Bangkok Post, Sept 14-2011)

## ကျုပ်တို့ကတော့ ဆက်လုပ်မှာပဲ

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးပညာရှင်တွေ အနုပညာရှင်တွေ စာပေပညာရှင်တွေအပါအဝင် လူထုတရပ်လုံးက ကန့်ကွက်တောင်းဆိုနေတဲ့ကြားက မြစ်ဆုံရေကာတာစီမံကိန်းကို ဆက်လုပ်သွားမယ်လို့ လျှပ်စစ်ဝန်ကြီး ဦးဇော်မင်းက ပြောဆိုလိုက်ပါတယ်။ မြစ်ရေရဲ့ ၇ ရာခိုင်နှုန်းသာ အသုံးပြုမှာဖြစ်လို့ မြစ်ကို ကြီးကြီးမားမားမပျက်စီးနိုင်ကြောင်းလည်း စက်မှုဝန်ကြီးဗိုလ်ချုပ်သိန်းဌေးလည်း လွှတ်တော်မှာပြောဆိုပါတယ်။ (DVB, Sept 16-2011)

## ညှော်နံ့မခံနိုင်သူ

ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ်အတွင်း အမှတ် ၁၀ ရပ်ကွက် ၄၉ လမ်းရှိ စားသောက်ဆိုင် တဆိုင်သည် နံနက် ၃ နာရီမှစပြီး တနေ့လုံး အကျော်ကျော်ရာ ညှော်နံ့မျိုးစုံနဲ့ စီးပွားရှာလုပ်ကိုင်နေရာ အနားပတ်ဝန်းကျင်ရှိ ကျောင်းသား၊ ကျောင်းသူကလေးလူငယ်များ၊ တိုက်ခန်းကျဉ်းများမှာနေတဲ့ သက်ကြီးရွယ်အိုအဖိုး အဖွားများ နေ့စဉ် ညှော်နံ့ဆိုးများကို ရှူရှိုက်နေကြရလို့ ကျန်းမာရေးအတွက် သက်ဆိုင်ရာရပ်ကွက်ကောင်စီမှ ဖြေရှင်းပေးရန်လိုအပ်ကြောင်း ရပ်ကွက်လူထုမှတောင်းဆိုကြသည်။ (VOB, Sept 15-2011)

## ဒို့အရေး သုံးပါးပြောနေဆဲ

ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးလို့ သမတဦးသိန်းစိန်အစိုးရမှ ဒို့အရေးသုံးပါးဆိုပြီးကြွေးကြော်နေတာဟာအရပ်သားအစိုးရရဲ့ဒီမိုကရေစီလမ်းကြောင်းကို သွားနေပါတယ်ဆိုတာနဲ့ တလွဲစီဖြစ်နေပါတယ်။ အာဏာတည်မြဲရေးဆိုတဲ့စကားလုံးကို မသုံးသင့်တော့ကြောင်း ပြည်သူတယောက်အနေနဲ့ အရပ်သားအစိုးရရဲ့သမတကြီးကို သတိပေးချင်ပါတယ်။ (VOB, Sept 13-2011)

# တွေ့ဆုံဆွေးနွေးမှုများအပေါ် အမေရိကန် အထူးသံတမန်က အကောင်းမြင်

**VOA | စက်တင်ဘာ ၁၂ ။** ။ မြန်မာ့ဒီမိုကရေစီ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နဲ့ ဒီနေ့သွားရောက် တွေ့ဆုံခဲ့တဲ့ အမေရိကန်အစိုးရရဲ့ မြန်မာနိုင်ငံဆိုင်ရာ အထူးသံတမန် Derek Mitchell က ဒီခရီးစဉ်အတွင်းတွေ့ဆုံ ဆွေးနွေးမှုတွေဟာ အပြုသဘောဆောင်တယ်လို့ပြောပါတယ်။ အမေရိကန်ပြည်ထောင်စုက မြန်မာ့ဒီမိုကရေစီရေးအတွက်ထောက်ခံအားပေးနေတာတွေကို ဒေါ်အောင်ဆန်းစုကြည်ကလည်း အသိအမှတ်ပြု ပြောဆိုခဲ့ပါတယ်။ အပြည့်အစုံကို Mr.Derek Mitchell ရဲ့ မြန်မာပြည်ခရီးစဉ်အတွက် သတင်းယူဖို့ ရောက်နေတဲ့ ဗွီအိုအေဝိုင်းတော်သူ ဒေါ်ခင်စိုးဝင်းက ရန်ကုန်မြို့ကနေ တိုက်ရိုက်သတင်းပေးပို့ထားပါတယ်။

မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်အထူးကိုယ်စားလှယ် မူဝါဒရေးရာ ညှိနှိုင်းရေးမှူး Mr.Derek Mitchell ဟာ မြန်မာအစိုးရခေါင်းဆောင်ပိုင်းနဲ့ တွေ့ဆုံတုန်းက အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက်မဖြစ်မနေဆောင်ရွက်ဖို့လိုအပ်နေတဲ့ နိုင်ငံရေးအကျဉ်းသားတွေလွှတ်ပေးရေးနဲ့ ပတ်သက်ပြီး အခုလို တိုက်တွန်းပြောဆိုခဲ့ပါတယ်။

"လွှတ်ပေးမယ်၊မပေးဘူးဆိုတာကိုတော့စောင့်ကြည့်ရဦးမှာပါ။ ကျနော်တို့ရဲ့ အမှာစကားကတော့ ရှင်းလင်းပြတ်သားပါတယ်။ မြန်မာနိုင်ငံမှာ လောလောဆယ်တွေ့နေရတဲ့ လှုပ်ရှားမှုတွေကို အဘက်ဘက်က ခြုံကြည့်ရင် အပြုသဘောဆောင်တာ တွေ့ရပါတယ်။ ဒါကြောင့်တာဝန်သိသိနဲ့တာဝန်ယူဆောင်ရွက်သွားလိမ့်မယ်လို့ယူဆတဲ့အကြောင်း။ "ပြောပြသွားပါတယ်။

မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၊ NLD CEC ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်တွေနဲ့တွေ့ဆုံအပြီးမှာ အထူးကိုယ်စားလှယ် Mr.Derek Mitchell က အခုလို ပြောဆိုသွားတာဖြစ်ပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ကတော့ အထူးသံကိုယ်စားလှယ် Mr.Derek Mitchell နဲ့ တွေ့ဆုံရတဲ့ အခြေအနေဟာ အရင်က အထက်လွှတ်တော်အမတ် John McCain လာတုန်းက နိုင်ငံရေးအခင်းအကျင်းနဲ့ ကွာခြားမှုရှိတယ်လို့ အခုလို ပြောပါတယ်။

"အခုပြောရတဲ့ ပုံစံကတော့ နည်းနည်းကွာတာပေါ့။အခြေအနေက ဘာလဲဆိုတော့ ပြောင်းလဲတဲ့အခြေအနေပေါ်မှာ ဟိုဘက်ကလည်း သိချင်တာ ရှိသလို ဒီဘက်ကလည်း သူတို့အမြင်ကို သိချင်တယ်။ အများလည်း သိပြီးသားဖြစ်သလို အမေရိကန်ပြည်ထောင်စုကတော့ ဒီမိုကရေစီအရေးကို အမြဲပဲ ထောက်ခံပါတယ်။"

အမေရိကန် ပြည်ထောင်စုရဲ့ မြန်မာနိုင်ငံအပေါ် ရပ်တည်ချက်နဲ့ ပတ်သက်ပြီးတော့လည်း ဒေါ်အောင်ဆန်းစုကြည်က အခုလို မှတ်ချက်ချ ပြောဆိုပါသေးတယ်။

"အမေရိကန်ပြည်ထောင်စုကတော့ အစကတည်းက မြန်မာနိုင်ငံ ဒီမိုကရေစီလမ်းကြောင်းပေါ်မှာ ခိုင်ခိုင်မာမာနဲ့ လျှောက်သွားတဲ့ အခါကျရင် အမျိုးမျိုးကူညီချင်တဲ့ စိတ်ဓာတ်တွေ ရှိတယ်ဆိုတာတော့ သူတို့လည်း ဖော်ပြပြီးသားကိစ္စဖြစ်ပါတယ်။ ဒါတွေကိုလည်း ပြန်ပြီးတော့ ပြောတာပါပဲ။"

မြန်မာ့နိုင်ငံရေး နယ်ပယ်မှာရော ပြည်ပရောက် အကဲခတ်တွေကြားထဲမှာပါ မြန်မာအစိုးရက ဒေါ်အောင်ဆန်းစုကြည်ကို အသုံးချနေတယ်လို့ ပြောဆိုကြတဲ့အပေါ်မှာတော့ ဒေါ်အောင်ဆန်းစုကြည်က အခုလို တုံ့ပြန် ပြောဆိုလိုက်ပါတယ်။

"မေးတဲ့ မေးခွန်းက အသုံးချခံနေရမှာ စိုးတယ်တဲ့။ အဲဒီတော့ အန်တီပြောတာက အန်တီကိုယ်တိုင်ကတော့ အသုံးချခံနေရတယ်လို့ မထင်ဘူးပေါ့။ ဒါပေမဲ့ အသုံးချတယ်ဆိုရင်လည်း ကိုယ့်တိုင်းပြည်အတွက် အသုံးချတယ်ဆိုရင် ဘာဖြစ်လဲ၊ ချပေါ့။"

သမ္မတဦးသိန်းစိန်က ပြည်ပရောက်မြန်မာတွေ ပြန်လာဖို့ ကြိုဆိုတယ်လို့ ပြောခဲ့ပြီးနောက်ပိုင်း နိုင်ငံခြားက ပြန်လာလိုကြတဲ့ မြန်မာတွေ ပြန်လာရေးနဲ့ ပတ်သက်ပြီးတော့လည်း ဒေါ်အောင်ဆန်းစုကြည်ရဲ့ သဘောထား အမြင်က ဒီလိုပါ။

"ပြည်ပရောက် မြန်မာတွေကလည်း မြန်မာတွေပဲ။ အားလုံး ဒီတိုင်းပြည်က အရေးကို စိတ်ဝင်စားမှာပေါ့။ အန်တီတို့ မြင်တာကတော့ ပြည်ပနဲ့ပြည်တွင်းက ခြေလှမ်းညီမှ ကောင်းမှာပါ။ ညီညီညွတ်ညွတ်နဲ့လုပ်မှ ပိုကောင်းမှာပါ။ ပြည်ပက တမျိုးလုပ်၊ ပြည်တွင်းက တမျိုးလုပ်ရင် ဘယ်အဆင်ပြေမလဲ။ အားလုံးအတူ တူပဲဟာ၊ ညီညီညွတ်ညွတ်နဲ့ လုပ်ကြရမယ်။"

ပြည်ပရောက်မြန်မာတွေရော ပြည်တွင်းက မြန်မာတွေပါ ညီညီညွတ်ညွတ်နဲ့ တိုင်းပြည်ရဲ့ အကျိုးအတွက် တက်ညီလက်ညီ လက်တွဲဆောင်ရွက်ကြဖို့ ဒေါ်အောင်ဆန်းစုကြည်က တိုက်တွန်းသွားတာပါ။

အမေရိကန်အထူးသံကိုယ်စားလှယ် Mr.Derek Mitchell ဟာ ဒေါ်အောင်ဆန်းစုကြည်နဲ့တွေ့ဆုံပြီးတဲ့ နောက်ပိုင်းမှာ ဒဂုံမြို့နယ်ရှိ အမေရိကန်စင်တာမှာ ကျင်းပတဲ့ 9/11 ဆယ်နှစ်မြောက် နှစ်ပတ်လည် အထိမ်းအမှတ်အခမ်းအနားကို မြန်မာပြည်ရောက် အမေရိကန်နိုင်ငံသားများနဲ့အတူ တက်ရောက်ခဲ့ပါတယ်။

Mr.Derek Mitchell ဟာ မနက်ဖြန် အင်္ဂါနေ့မှာတော့ NDF အမျိုးသားဒီမိုကရေစီအင်အားစုက ခေါင်းဆောင်တွေအပြင် တခြားအဖွဲ့အစည်းတွေနဲ့လည်း တွေ့ဆုံဖို့ရှိပါတယ်။

---

**စာမျက်နှာ ၁၀ မှ**

ကျတယ်။ တခုရှိတာက ကျနော်တို့တွေအနေနဲ့ကတော့ လုံးဝ မျက်စိမှိတ်ပြီး ယုံကြည်မှာတော့မဟုတ်ဘူး။ ယုံကြည်မှုဆိုတာ ဖြစ်လာဖို့အတွက်က နောက်ကွယ်မှာ အတူလက်တွဲလုပ်ဆောင်ဦးမှပဲ ယုံကြည်မှု တည်ဆောက်နိုင်မှာဖြစ်တယ်။"

Mr.Derek Mitchell ကတော့ မြန်မာအစိုးရ ဝန်ကြီးတွေနဲ့ တွေ့ဆုံဆွေးနွေးမှုတွေကနေအပြုသဘောဆောင်တဲ့အခြေအနေတွေကို သူ့အနေနဲ့ ကျေနပ်အားရဖြစ်ပေမဲ့ လက်တွေ့လုပ်ဆောင်မှုတွေ ဖြစ်ထွန်းလာတဲ့အထိ စောင့်ကြည့်ဖို့တော့ လိုအပ်သေးတယ်ဆိုပြီး မှတ်ချက်ပေးပြောဆိုခဲ့တယ်လို့ဆိုပါတယ်။ ဒါ့အပြင် မြန်မာနိုင်ငံခြားရေး ဝန်ကြီးဦးဝဏ္ဏမောင်လွင်နဲ့လည်း မြန်မာ့လူ့အခွင့်အရေး၊ ဒီမိုကရေစီအရေးတွေကို အချိန်ယူ ဆွေးနွေးသွားပါမယ်လို့လည်း ပြောဆိုခဲ့တယ်လို့ တွေ့ဆုံပွဲတက်ရောက်ခဲ့သူတွေက ပြောဆိုကြပါတယ်။

# ပေါက်ကြားကြေးနန်းစာအရ ရေကာတာစီမံကိန်း လူထုအတွက်အကျိုး မရှိ

**DVB ၊ စက်တင်ဘာ ၁၄ ॥** ॥ မြန်မာအစိုးရနဲ့ နိုင်ငံခြားကုမ္ပဏီတွေ စာချုပ်ချုပ်လုပ်ကိုင်နေတဲ့ ရေကာတာ စီမံကိန်းတွေဆီက မြန်မာလူထု အကျိုးမရှိသလောက်ဘဲလို့ အစိုးရကိန်းဂဏန်းတွေကို ကိုးကားပြီး ရန်ကုန်အမေရိကန် သံရုံးရဲ့ကြေးနန်းစာထဲမှာ ဖော်ပြထားပါတယ်။

တရုတ်၊ ထိုင်း၊ ဂျပန်နှင့် အိန္ဒိယ ကုမ္ပဏီတွေနဲ့ စာချုပ်တွေအရ စီမံကိန်းကနေ လျှပ်စစ်ဓာတ်အားအများဆုံး ၂၅ရာခိုင်နှုန်းသာ မြန်မာပြည်ကရမှာဖြစ်ပြီး ကျန်တဲ့ဓာတ်အားကို ကုမ္ပဏီတွေရဲ့ အကျိုးစီးပွားနဲ့ နိုင်ငံခြားကို ရောင်းစားဖို့ ဖြစ်တယ်လို့ ဆိုပါတယ်။

၂၀၀၈ အောက်တိုဘာလ ၂၀ နေ့စွဲနဲ့ ဝီကီလိခ်ကတဆင့် ပေါက်ကြားတဲ့ ကြေးနန်းစာထဲမှာ ဧရာဝတီ၊ သံလွင်၊ ချင်းတွင်းမြစ်ကြီးတွေပေါ်မှာ ၂၀၀၈ ခုနှစ်တုန်းက ပြည်တွင်းပြည်ပ ကုမ္ပဏီတွေနဲ့ ရေအားလျှပ် စစ်စက်ရုံပေါင်း ၁၉ ခု ဆောက်လုပ်နေပြီး နေ့စဉ် မဂ္ဂါဝပ် ၃၀ မှ ၇၀၀၀ အထိ ထုတ်လုပ်မယ့် ရေကာတွေလို့ ဆိုပါတယ်။

နောက်ထပ် စီမံကိန်းပေါင်း ၂၀ ကိုလည်း နိုင်ငံခြားကုမ္ပဏီတွေနဲ့ နားလည်မှု စာချုပ်ချုပ်ထားတယ်လို့ ဆိုပါတယ်။ လာမယ့် နှစ် ၂၀ အတွင်းမှာ ရေကာပေါင်း ၂၅၀ ခန့်ဆောက်ဖို့ အစိုးရက မျှော်မှန်းထားပြီး နေ့စဉ် လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ်ပေါင်း ၄ သောင်းလောက် ထုတ်လုပ်ဖို့ လျာထားတယ်လို့ ကြေးနန်းစာထဲမှာ ဖော်ပြထားပါတယ်။

၂၀၀၈ ခုနှစ်တုန်းက မြန်မာတနိုင်ငံလုံး လိုအပ်ချက်က မဂ္ဂါဝပ် ၁၅၀၀၀ ရှိပေမယ့် နေ့စဉ် ၆၂၀၀ မဂ္ဂါဝပ်ပဲ ပေးနိုင်တယ်လို့ အမှတ် ၁ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနရဲ့ အချက်အလက်တွေကိုလည်း ဖော်ပြထားပါတယ်။

---

**ပြက္ခဒိန်မှ**

**စက်တင်ဘာ ၁၄၊** DVB ॥ ॥ ကရင်များအတွက် အကျိုးဆောင်သူ ထိုင်းအမတ်ဟောင်းနှင့် လူ့အခွင့်အရေးလှုပ်ရှားသူ လူကြီး Thatkamol Ob-om သည် ကရင်အရေးတင်ပြပြီး နောက်တရက် စက်တင်ဘာ ၉ တွင် အပစ်သတ်ခံခဲ့ရ၏။

**စက်တင်ဘာ ၁၃၊** Asian Correspondent ॥ ॥ မြစ်ဆုံဆည် စီမံကိန်းကို ဆက်လက်ဆောက်မည်ဟု လျှပ်စစ်ဝန်ကြီး ဦးဇော်မင်းမှဆို၏။

**စက်တင်ဘာ ၁၃၊** AFP ॥ ॥ ပြင်သစ်ရုပ်ရှင် ဒါရိုက်တာ Luc Besson ၏ ဒေါ်အောင်ဆန်းစုကြည် ဘဝသရုပ်ဖေါ်ရုပ်ရှင် ကနေဒါ Toronto Film Festival တွင် ပြသ၏။

**စက်တင်ဘာ ၁၃၊** IRNA ॥ ॥ ကချင်အကူအညီအဖွဲ့များသည် ငွေနှင့်ပစ္စည်းအင်အား ချို့တဲ့ကာ ၂၅၀၀၀ ဦးသော ဒုက္ခသည်များအား မစောင်မနိုင်ကြောင်း။

**စက်တင်ဘာ ၁၃၊** Peninsular ॥ ॥ ပညာရေးနှင့်ကျန်းမာရေးတို့အတွက် မြန်မာအား ပိုမိုကူညီရေးတို့ကို ဒေါ်အောင်ဆန်းစုကြည်နှင့် Derek Mitchell တွေ့ဆုံဆွေးနွေးခဲ့ကြောင်း။

**စက်တင်ဘာ ၁၃၊** VOA ॥ ॥ နိုင်ငံရေးအကျဉ်းသားများလွှတ်မြောက်ရေးကို ဆက်လက်ကြိုပမ်းမည်ဖြစ်သော်လည်း နိုင်ငံရေးအကျဉ်းသားများ မလွှတ်မချင်း မဆွေးနွေးတော့ဟု မဆိုကြောင်း ဒေါ်အောင်ဆန်းစုကြည်မှဆို၏။

**စက်တင်ဘာ ၁၃၊** Irrawaddy ॥ ॥ နယ်စပ် လက်နက်ကိုင်အဖွဲ့များအား အားပေးအားမြှောက် ပြုသူများအား အရေးယူမည်ဟု ထိုင်းအစိုးရရဲ ထိပ်သီးတဦးမှ မဲဆောက်တွင်ဆို၏။

**စက်တင်ဘာ ၁၃၊** Irrawaddy ॥ ॥ မြန်မာနိုင်ငံရေးပြောင်းအလဲများကြောင့် အမေရိကန်အစိုးရအား မြန်မာအပေါ်စိုင်းရှင်များ ဖျက်သိမ်းခြင်း စသည့် အလျှော့တင်းလုပ်နိုင်ရန် Jim Webb မှတိုက်တွန်းကြောင်း။

**စက်တင်ဘာ ၁၃၊** Mizzima ॥ ॥ အဲန်အဲလ်ဒီသည် Irrawaddy Appeal အမည် စာအုပ်ထုတ်ဝေမည်။

**စက်တင်ဘာ ၁၃၊** DVB ॥ ॥အစိုးရဘဏ်များသည် စုငွေအတိုးနှုန်းကို လျှော့ချမည်ဖြစ်ကြောင်း။

**စက်တင်ဘာ ၁၂၊** VOA ॥ ॥ အမေရိကန်အထူးသ Derek Mitchell မြန်မာခရီးစဉ်တွင် မြန်မာအစိုးရသည် ဗွီအိုအေ မြန်မာပိုင်းအစီအစဉ်မှ သတင်းထောက် ဦးခင်စိုးဝင်းအား မြန်မာတွင် သတင်းယူခွင့်ပြုခဲ့၏။

**စက်တင်ဘာ ၁၂၊** AlertNet ॥ ॥ အီးယူ အကူအညီပေးရေးအဖွဲ့သည် မြန်မာအစိုးရသည် ကချင်ပြည်နယ်သို့ အဆက်အသွယ် လမ်းဖွင့်ပေးမည်ဆို၍ ဝမ်းသာကြောင်း။

**စက်တင်ဘာ ၁၂၊** Radio Australia ॥ ॥ ဥရောပသမဂ္ဂ အကူအညီဆိုင်ရာ ထိပ်ဆုံးအရာရှိ Kristalina Georgieva သည် မြန်မာသို့ ၂ ရက်တာ လေ့လာရေးခရီးစဉ် ပြီးဆုံး၏။

**စက်တင်ဘာ ၁၂၊** Irrawaddy ॥ ॥ တရားရုံးသို့ အမှုချိန်းမလာ၍ အဖမ်းခံနေရသူ ရှေ့နေ ဦးဖိုးဖြူ (ခေါ်) ဦးရန်နိုင်အောင်အား ပြန်လွှတ်လာကြောင်း။

**စက်တင်ဘာ ၁၂၊** Mizzima ॥ ॥ စက်တင်ဘာ ၁ မှ စ၍ အတိုးနှုန်းများကို ၁၂ ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းအထိ ၂ ရာခိုင်နှုန်း လျှော့ချခဲ့သော်လည်း မြန်မာဘဏ်အတိုးနှုန်းသည် အရှေ့တောင်အာရှတွင် အမြင့်ဆုံးဖြစ်နေသေးကြောင်း။

**စက်တင်ဘာ ၁၂၊** DVB ॥ ॥ ရခိုင်ပြည်နယ်အမတ်အား ရွေးကောက်ပွဲကော်မရှင်မှ ပါလီမန်မှ ထုတ်ခြင်းသည် ကြံစည်မှုဖြစ်ကြောင်း ရခိုင်းတိုင်းရင်းသားများ တိုးတက်ရေးပါတီ RNDP မှ ဆို၏။

**စက်တင်ဘာ ၁၁၊** BBC ॥ ॥ ဇာဂနာဦးစီးခဲ့သည့် သီးလေးသီးအဖွဲ့သည် ထိုင်းတွင် ခိုလှုံနေရာမှ မြန်မာသို့ ပြန်လာခဲ့ကြောင်း။

**စက်တင်ဘာ ၁၁၊** Nation ,BKK ॥ ॥ မြန်မာသည် တိုင်းရင်းအဖွဲ့များနှင့် ငြိမ်းချမ်းရေးလိုကြောင်း အီးယူ အကူအညီအဖွဲ့မှူးမှဆို၏။

**စက်တင်ဘာ ၁၁၊** VOA ॥ ॥ အီးယူကော်မရှင်သည် မြန်မာ၏ ပြောင်းလဲမှုများအပေါ် အကောင်းမြင် မျှော်လင့်ကြောင်း။

**စက်တင်ဘာ ၁၁၊** DPA-Gulf News ॥ ॥ မြန်မာအစိုးရသည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ငြိမ်းချမ်းစွာဖြေရှင်းရေးမူကို သုံးရန် ကတိပေးခဲ့ကြောင်း အီးယူကော်မရှင်သို့ဆိုကြောင်း။

**စက်တင်ဘာ ၉၊** Irrawaddy ॥ ॥ မြန်မာလူ့အခွင့်အရေးအဖွဲ့သစ်အား ဦးစီးသူများသည် တချိန်က အပြည်ပြည်ဆိုင်ရာ ဆွေးနွေးပွဲများတွင် မြန်မာစစ်အစိုးရ၏ လူ့အခွင့်အရေးဖေါက်ဖျက်မှုများကို ငြင်းဆိုခဲ့သည့် မြန်မာသံအမတ်ဟောင်းများဖြစ်သည့် ဦးဝင်းမြ နှင့် ဦးကျော်တင့်ဆွေတို့ ဖြစ်ကြောင်း။

**စက်တင်ဘာ ၉၊** WTN ॥ ॥ အမေရိကန် မြန်မာရေးရာမူဝါဒမှူးနှင့်အထူးသံ Derek Mitchell သည် ဘက်စုံလူစုံဆွေးနွေးရန် မြန်မာသို့ ရောက်လာ၏။

# ဘာသာရေးလွတ်လပ်ခွင့် အဆိုးဝါးဆုံးချိုးဖောက်တဲ့ ၈ နိုင်ငံထဲမှာ မြန်မာပါဝင်

**VOA ၊ စက်တင်ဘာ ၁၃ ။** ။ ဒီနှစ်အတွက် အမေရိကန်နိုင်ငံခြားရေး ဝန်ကြီးဌာနက ထုတ်ပြန်တဲ့ ဘာသာရေးလွတ်လပ်ခွင့်ဆိုင်ရာ နှစ်ပတ်လည်အစီရင်ခံစာထဲမှာ မြန်မာနိုင်ငံဟာ ကမ္ဘာပေါ်မှာဘာသာရေးလွတ်လပ်ခွင့် အဆိုးဝါးဆုံးချိုးဖေါက်တဲ့ နိုင်ငံစာရင်းမှာ မနှစ်ကလိုပဲပါဝင်နေပြန်ပါတယ်။မြန်မာနိုင်ငံမှာ ၂၀၀၇ ခုနှစ် သံဃာ့အရေးအခင်းနောက်ပိုင်း ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးတွေကို ပိုမိုဖိနှိပ်လာပြီး ရာနဲ့ချီတဲ့ သံဃာတွေ အကျဉ်းကျခံနေရဆဲဖြစ်သလို မူစလင်တွေဖြစ်တဲ့ ရိုဟင်ဂျာတွေကိုလည်း အခုထိ အသိမှတ်မပြုသေးပဲ ခရစ်ယန်ဘာသာဝင် တိုင်းရင်းသားတွေအတွက်ဆိုလည်းအခွင့်အရေးရပိုင်ခွင့်တွေ ဆုံးရှုံးမှုရှိနေတယ်လို့ အစီရင်ခံစာထဲမှာ ဖေါ်ပြထားပါတယ်။ အပြည့်အစုံကို ဒေါ်ခင်မျိုးသက်က တင်ပြထားပါတယ်။

မြန်မာနိုင်ငံကို CPC လို့ခေါ်တဲ့ ဘာသာရေးလွတ်လပ်ခွင့် အပြင်းအထန်ချိုးဖေါက်နေတဲ့ နိုင်ငံထဲမှာ ဆက်လက်ထည့်သွင်းထားပြီး ဒီနှစ်အတွက် မြန်မာနိုင်ငံအပါအဝင် စီပီစီ ရှစ်နိုင်ငံရဲ့ ဘာသာရေးလွတ်လပ်ခွင့်ချိုးဖေါက်နေမှု အပြည့်အစုံကိုအင်္ဂါနေ့ ထုတ်ပြန်တဲ့ အစီရင်ခံစာမှာ ဖေါ်ပြထားတယ်လို့ အမေရိကန်နိုင်ငံခြားရေး ဝန်ကြီးဌာန ဒီမိုကရေစီ၊ လူ့အခွင့်အရေးနဲ့အလုပ်သမားဆိုင်ရာ လက်ထောက်နိုင်ငံခြားရေးဝန်ကြီး Michael Posner ကပြော ပါတယ်။

"နိုင်ငံခြားရေးဝန်ကြီး ကလင်တန်က အထူးစိတ်ပူဖို့ကောင်းတဲ့ နိုင်ငံအဖြစ် ၈ နိုင်ငံကို သတ်မှတ်ခဲ့ပါတယ်။ ဒီနိုင်ငံတွေကတော့ မြန်မာ၊ တရုတ်၊ အီရစ်ထရီးယား၊ အီရန်၊ မြောက်ကိုရီးယား၊ ဆူဒန်နဲ့ အူဇဘက်ကစ်စတန်နိုင်ငံတွေပါ။ ဒီနိုင်ငံတွေအားလုံးမှာ ဘာသာရေးလွတ်လပ်ခွင့်မရှိတာ နှစ်ကာလ ကြာမြင့်နေပြီဖြစ်သလို ဆိုးဆိုးဝါးဝါးလည်း ချိုးဖေါက်နေတာ တွေ့ရပါတယ်။ ဒီချိုးဖေါက်မှုတွေကို အစီရင်ခံစာမှာအပြည့်အစုံဖေါ်ပြထားပါတယ်။"

အစီရင်ခံစာမှာ မြန်မာနိုင်ငံနဲ့ ပတ်သက်ပြီး အပိုင်းလေးပိုင်းခွဲ တင်ပြထားပါတယ်။ နိုင်ငံတွင်း ဒေသအလိုက် ဘာသာရေး ကိုးကွယ်မှုကို ဆန်းစစ်ထားသလို ဗုဒ္ဓဘာသာဝင် ၉၀ ရာခိုင်နှုန်းရှိပြီး ခရစ်ယန်နဲ့ မူစလင် ၄ ရာခိုင်နှုန်းစီလောက်ရှိတဲ့ မြန်မာနိုင်ငံမှာ အစိုးရရဲ့ ဘာသာရေးဆိုင်ရာ လေးစားလိုက်နာမှုနဲ့ လူ့အဖွဲ့အစည်းအတွင်း ဘာသာရေးဆိုင်ရာလေးစားလိုက်နာမှုအခြေနေတွေကိုပါ ခွဲခြားဖေါ်ပြထားပါတယ်။

"မြန်မာနိုင်ငံမှာ ကြည့်မယ်ဆိုရင် အခုထိ ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးတွေ ထောင်အကျခံနေရတာတွေ့ရသလို မြန်မာနိုင်ငံက မူစလင်ရိုဟင်ဂျာတွေကိုလည်း အခုထိအသိမှတ်ပြုတာမျိုးမတွေ့ရသေးပါဘူး။"

မစ္စတာ ပေါ့စ်နာပြောသွားတာပါ။ မြန်မာအစိုးရအနေနဲ့ ဗုဒ္ဓဘာသာကိုအထူးဦးစားပေးပြီးအလေးအမြတ်ထားကြောင်းပြသနေပေမယ့် ၂၀၀၇ ခုနှစ် သံဃာ အများအပြားကို နှစ်ရှည်ထောင်ဒဏ်တွေ ချမှတ်ပြီး နယ်ဝေး အကျဉ်းထောင်တွေ ပို့တာရှိသလို အစီရင်ခံစာရေးသားတဲ့ ၂၀၁၀ ဇူလိုင်လ ၁ ရက်ကနေ ဒီဇင်ဘာလကုန် အတွင်း သံဃာအပါး ၂၅၆ ပါး အကျဉ်းထောင်ထဲမှာ ကျန်နေသေးတယ်လို့ ဆိုပါတယ်။ သံဃာ့ဥသျှောင်မြန်မာရဟန်းတော်များအဖွဲ့ အတွင်းရေးမှူး အရှင်ဂုဏ်သရကတော့ လွတ်လပ်စွာကိုးကွယ်မှုကို သင်ပေးတဲ့ ဗုဒ္ဓဘာသာ ရဟန်းတော်တွေကို အကျဉ်းချထားတာ မသင့်လျော်ဘူးလို့ မိန့်ပါတယ်။

"မြန်မာစစ်အစိုးရဖမ်းထားတာကတော့ ရာဂဏန်းရှိတယ်ပေါ့ ဘယ်သူမှ အဆက်အသွယ်မမိတဲ့အတွက် စာရင်းမပြနိုင် တာတွေလည်း အများကြီးရှိတယ်။ တချို့ဖမ်းထားရင်းနဲ့ ပျံလွန်တော်မူသွားတာတွေလည်း ရှိပါတယ်။ ၂၀၀၇ ခုနှစ်က သံဃာတော်တွေက ဦးဆောင်ပြီး မေတ္တာပို့တယ်၊ လမ်းလျှောက်တယ်။ ဒီကိစ္စတွေနဲ့ပတ်သက်ပြီး သံဃာတော်တွေနေတဲ့ ဘုန်းတော်ကြီးကျောင်းတွေကို ပိတ်တာ၊ ဝါတွင်းကာလတောင် ကိုယ့်ကျောင်းကိုယ် မပြန်နိုင်ဘူး။ တောက သံဃာ မြို့မတက်နိုင်အောင် မြို့ကသံဃာ တောမပြန်နိုင်အောင် အမျိုးမျိုးဒုက္ခပေးတာရှိတယ်။

ဘာမှအပစ်မရှိတဲ့ ဆရာတော်တွေ ဦးဂမ္ဘီယအပါအဝင်တခြား ဆရာတော်သံဃာတွေကို ဖမ်းထားတာဟာ ဘာသာရေးကိုအမျိုးမျိုး ပိတ်ပင် တားဆီးနေတာဖြစ်ပါတယ်။ ငြိမ်းချမ်းတဲ့ ဘာသာ သာသနာ ထွန်းကားတဲ့တိုင်းပြည်မှာ ဒီလိုဖြစ်တယ်ဆိုတာ ရှက်ဖို့လည်း ကောင်းပါတယ်။ ဒါတွေကိုရပ်တန့်ကရပ်ဖို့ တိုက်တွန်းပါတယ်။"

ရခိုင်ပြည်နယ်မှာ အများဆုံးနေထိုင်တဲ့ ရိုဟင်ဂျာ အပါအဝင် မူစလင်တွေအပြင် ခရစ်ယန်ရော၊ ဗုဒ္ဓဘာသာသံဃာတွေကိုပါ ဖိနှိပ်ချုပ်ချယ်နေတဲ့ မြန်မာအစိုးရအနေနဲ့ အမေရိကန်အစိုးရရဲ့ အခု အစီရင်ခံစာဟာ ဒီမိုကရေစီလမ်းကို လျှောက်လှမ်းနေတယ်ဆိုတဲ့ ပြောကြားချက်တွေကိုစိန်ခေါ်နေတယ်လို့မြန်မာမူစလင်အစည်းအရုံးအထွေထွေ အတွင်းရေးမှူး ဦးအောင်တင်ကပြောပါတယ်။

"မြန်မာပြည်မှာ မူစလင်ဖြစ်ခြင်းကိုက အစ္စလာမ်ဘာသာကိုး ကွယ်တယ်ဆိုတာနဲ့ဒီလူဟာ တိုင်းရင်းသားမဟုတ်တော့ဘူး။ နိုင်ငံသားမဟုတ်တော့ဘူးဆိုတဲ့ ပုံစံမျိုးဖြစ်နေတယ်။ အထူးသဖြင့် ဒီရိုဟင်ဂျာလူမျိုးတွေဆိုရင် နိုင်ငံသားဟုတ်တယ် မဟုတ်ဘူးဆိုတဲ့ အဆင့်ထက်တောင် မကတော့ဘဲနဲ့ ဒီလူသားရဲ့ ဖြစ်တည်ခွင့်တွေမှာပါ အဖိနှိပ်ခံရတယ်။ ဥပမာ အရွယ်ရောက်လို့ အိမ်ထောင်ပြုချင်ရင်တောင်မှ အိမ်ထောင်ပြုလို့မရတာ၊ သိန်းနဲ့ချီတဲ့ ရိုဟင်ဂျာတွေဟာ ကျန်းမာရေးအတွက် ဆေးကုမယ်ဆိုရင် ဆေးကုလို့မရ တနေရာကတနေရာ သွားလို့မရ၊ ပညာသင်လို့မရ၊ အလုပ်အကိုင်ရှာဖွေလို့မရ၊ သူတို့ကို ဆယ်စုနှစ်ပေါင်းများစွာ စီစစ်လို့ မပြီးနိုင်သေးဘူးလား။ ဒီကနေ့ ယူနိုက်တက် စတိတ်ကထုတ်ပြန်တဲ့ ဒီဘာသာရေးဆိုင်ရာ အဖိနှိပ်ဆုံး နိုင်ငံမှာ မြန်မာနိုင်ငံဆက်လက်ပါရှိနေခြင်းသည်ပင်လျှင် ဒီကနေ့ဒီမိုကရေစီနိုင်ငံတည်ဆောက်နေပါတယ်ဆိုတဲ့ သမ္မတကြီး ဦးသိန်းစိန် အစိုးရကို မေးခွန်းထုတ်လိုက်တယ် လို့တောင် ထင်မိပါတယ်။"

မြန်မာနိုင်ငံမှာ ဘာသာရေးလွတ်လပ်ခွင့်ရှိပြီး လူ့အခွင့်အရေးနဲ့ ဒီမိုကရေစီရေးတိုးတက်လာစေဖို့ အမေရိကန်အစိုးရ ကိုယ်စားလှယ်တွေဟာ မြန်မာအစိုးရတာဝန်ရှိသူတွေ၊ ဘာသာရေး ခေါင်းဆောင်တွေ။ NGO အဖွဲ့အစည်းတွေနဲ့ အခါသင့်တိုင်း တွေ့ဆုံဆွေးနွေးနေသလို ၂၀၀၈ ခုနှစ်ကစပြီး အမေရိကန် လွှတ်တော်အမတ် Tom Lantos Block Burmese Junta Anti- Democratic Efforts Act) ရဲ့ JADE အက်ဥပဒေနဲ့ ချမှတ် အရေးယူဆောင်ရွက်နေတယ်လို့လည်း အစီရင်ခံစာမှာ ဖေါ်ပြထားပါတယ်။

# ဒေါ်အောင်ဆန်းစုကြည် အိုင်ဒီယာဟောင်းတွေနဲ့စွဲနေဟု ဗိုလ်ချုပ်သန်းရွှေပြောဆို

**Mizzima ၊ စက်တင်ဘာ ၁၄ ။** ။ စင်္ကာပူဝန်ကြီးချုပ်ဟောင်း ဂိုချုပ်တောင်နှင့်တွေ့ဆုံရာတွင် ယခင်စစ်အစိုးရခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ဒေါ်အောင်ဆန်းစုကြည်သည် "အိုင်ဒီယာအဟောင်းတွေ" ဆုပ်ကိုင်ထားကြောင်း ပြောဆိုလိုက်ရင်းပိတ်ဆို့ အရေးယူမှုတွေ ရုပ်သိမ်းပြီး ထိပ်တိုက်ရင်ဆိုင်ရေးလမ်းကို စွန့်မှသာလျှင် တွေ့ဆုံဆွေးနွေးရေးလုပ်မည်ဟုပြောဆိုကြောင်းဝီကီလိခ်မှပေါက်ကြားလာသည့်အမေရိကန်ကြေးနန်းတစောင်တွင် ပါရှိသည်။

ဒေါ်အောင်ဆန်းစုကြည်ဟာ"အိုင်ဒီယာဟောင်းနဲ့တကြောင်းစွဲပဲလို့တိုင်တယ်။ တကယ်လို့ ပိတ်ဆို့အရေးယူမှုတွေ ရုပ်သိမ်းဖို့ သူ (ဒေါ်အောင်ဆန်းစုကြည်) က တောင်းဆိုပြီး ထိပ်တိုက်ရင်ဆိုင်တွေတာနဲ့ အဖျက်လုပ်ရပ်တွေ စွန့်လွှတ်ရင်တော့ တွေ့ဆုံဆွေး နွေးဖို့သူ့အနေနဲ့ပြင်ထားတယ်လို့ ပြောပါတယ်" ဟု ဩဂုတ် ၃၀ ရက်နေ့က ထပ်မံထွက်ရှိလာသော ရန်ကုန်မြို့ အမေရိကန်သံရုံးမှ ဝါရှင်တန်ရှိနိုင်ငံခြားဌာနသို့ပေးပို့သော ကြေးနန်းစာတွင် ဖော်ပြထားသည်။

အမျိုးသား တည်ငြိမ်ရေးနှင့် ဒေါ်အောင်ဆန်းစုကြည်၏ တောင်းဆိုမှုများအကြား ရွေးချယ်မှု ပြုနေရကြောင်း ဗိုလ်ချုပ်မှူးကြီးသန်းရေက ပြောသွားသည်ဟုလည်းပါရှိသည်။ ထို့အပြင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက တနာရီကြာဆွေးနွေးမှုအတွင်း မြန်မာနိုင်ငံ၏ ၂၀၁၀ ခုနှစ် ရွေးကောက်ပွဲမှာ"လွတ်လပ်ပြီး တရားမျှတပါမည်" ဟု ရင်းနှီးသော "မိတ်ဆွေဟောင်း" စင်္ကာပူအကြီးတန်း ဝန်ကြီးဂိုချုပ်တောင်ကို ကတိပြုခဲ့သည်ဟု ဆိုသည်။

ဂိုချုပ်တောင်၏ ဇွန် ၈-၁၁ ရက်၊ ၂၀၀၉ ခုနှစ် ခရီးစဉ်အတွင်း ထိုစဉ်က ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီး သိန်းစိန်နှင့်လည်းနေပြည်တော်တွင် တနာရီခန့်ကြာ ဆွေးနွေးခဲ့ကြသည်ဟု ရန်ကုန်ရှိ စင်္ကာပူ သံအမတ်က သံတမန်အသိုင်းအဝိုင်းကို အစီရင်ခံခဲ့ကြောင်း ဖော်ပြထားသည်။

ခရီးစဉ်အတွင် ဂိုချုပ်တောင်သည် ရန်ကုန်၊ မန္တလေး၊ တောင်ကြီးမြို့များသို့လည်း သွားရောက်ခဲ့သလို သက်ဆိုင်ရာ စစ်တိုင်းမှူးများနှင့်လည်းတွေ့ဆုံခဲ့သည်။ တချိန်တည်းမှာပင် ဒေါ်အောင်ဆန်းစုကြည်ခြံအတွင်း မဖိတ်ခေါ်ဘဲ ခြံဝင်းတွင်းသို့ ရေကူးဝင်ရောက်လာသည့် အမေရိကန်နိုင်ငံသား ဂျွန်ယက်တောအား လက်ခံမှုဖြင့် နေအိမ်အကျယ်ချုပ်ဥပဒေချိုးဖောက်သည်ဟု အင်းစိန်ထောင်အတွင်း တရားရင်ဆိုင်နေရချိန် ဖြစ်သည်။

ဂိုချုပ်တောင်က "ဒေါ်အောင်ဆန်းစုကြည်ကို ဖမ်းပြီး စစ်ဆေးနေတာဟာ (အမေရိကန်) သမ္မတသစ်အိုဘားမားက မြန်မာနဲ့ အပြုသဘောဆက်ဆံဖို့စဉ်းစားသုံးသပ်နေတာကိုထိခိုက်စေလိမ့်မယ်"ဟုဗိုလ်ချုပ်မှူးကြီးသန်းရွှေကိုထောက်ပြခဲ့သော်လည်း အရေးတယူတုန့်ပြန်မှုမရှိတာကို တွေ့ရကြောင်း သံအမတ်ရောဘတ် ချူဗာက သံတမန်များကို ပြန်လည်ရှင်းပြရာတွင် ထည့်သွင်း ပြောကြားသွားသည်။

အဖွဲ့ဝင်နိုင်ငံများ၏ ပြည်တွင်းရေးဝင်မစွက်ရဟု မူဝါဒရှိသော အရှေ့တောင်အာရှနိုင်ငံများအသင်း အဖွဲ့ဝင်စင်ကာပူနိုင်ငံ၏ ဝန်ကြီးချုပ်ဟောင်းက ဒေါ်အောင်ဆန်းစုကြည်၏ အမှုသည် ပြည်တွင်းရေးဖြစ်သော်လည်းနိုင်ငံတကာက စောင့်ကြည့်နေသည်ကို မမေ့သင့်ကြောင်း သတိပေးခဲ့သည်ဟု ဆိုသည် ။

ဂိုချုပ်တောင် ပြန်သွားပြီးနောက် ဩဂုတ်လ ၁၁ ရက်နေ့တွင် ဒေါ်အောင်ဆန်းစုကြည်ကို အင်းစိန်ထောင်တွင်း အထူးတရားရုံးက နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှကာကွယ်စောင့်ရှောက်သည့် ဥပဒေပုဒ်မ ၂၂ အရ ထောင်ဒဏ် သုံးနှစ်ချမှတ်လိုက်သော်လည်း ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ၁၈ လသို့လျှော့ချပေးခဲ့သည်။

သူ၏ အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်ပါတီက ပါဝင်ယှဉ်ပြိုင်ခြင်း မပြုရန် ဆုံးဖြတ်ခဲ့သော ရွေးကောက်ပွဲအပြီး သုံးရက်အကြာ ၂၀၁၀ ခုနှစ် နိုဝင်ဘာ ၁၃ ရက်တွင်မှ ပြန်လွတ်လာသည်။

ဒေါ်အောင်ဆန်းစုကြည်အား စီရင်ချက်ချပြီး ရက်ပိုင်းအတွင် ဆီးနိတ်နိုင်ငံခြားရေးရာကော်မတီ အရှေ့အာရှနှင့် ပစိဖိတ်ရေးရာ ဆပ်ကော်မတီ၏ ဥက္ကဋ္ဌဖြစ်သူ မစ္စတာဂျင်ဝက်ဘ် Jim Webb သည် နေပြည်တော်၌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် တွေ့ပြီးနောက် ထောင်ဒဏ် ခုနစ်နှစ်ချမှတ်ထားသည့် ဂျွန်ယက်တောအား အမေရိကန်နိုင်ငံသို့ ပြန်လည် ခေါ်ဆောင်ခွင့်ရခဲ့သည်။

ဒေါ်အောင်ဆန်းစုကြည်ကို ပြန်လွှတ်ပေးရေး ဂျင်ဝက်ဘ်က တောင်းဆိုသည်ကိုမူဗိုလ်ချုပ်မှူးကြီးသန်းရွှေက သဘောမတူခဲ့ကြောင်း ဝီကီလိခ်က ဖောက်ချခဲ့သည့် ၂၀၀၉ ခု ဩဂုတ် ၁၇ ရက်စွဲပါ အမေရိကန် နိုင်ငံခြားရေးဌာန လျှို့ဝှက်ကြေးနန်း၌ ဖော်ပြထားသည်။

လူ့အခွင့်အရေး ချိုးဖောက်သော စစ်အစိုးရကို စီးပွားရေးအရ ထောက်ကူပေးနေသည်ဟု စွပ်စွဲပြီး အနောက်နိုင်ငံများမှ စီးပွားရေး ပိတ်ဆို့ထားသော မက်စ်မြန်မာ စီးပွားရေးအုပ်စုပိုင်ရှင် ဦးဇော်ဇော်၊ ထူးထရေးဒင်း ကုမ္ပဏီပိုင်ရှင် ဦးတေဇကဲ့သို့သော အစိုးရလက်ရင်း စီးပွားရေးသမားကြီးများသည် ယခင်က စင်ကာပူရှိ ဘဏ်တချို့မှတဆင့်နိုင်ငံခြားငွေလွှဲပြောင်းကြပြီး နိုင်ငံခြားကုမ္ပဏီများနှင့် စီးပွားရေးဆက်ဆံခဲ့ကြသည်ဟု အမေရိကန် ကြေးနန်းများတွင် ပါရှိသည်။

နောက်ပိုင်းတွင် "ခရိုနီ" များ အသုံးပြုသော စင်ကာပူဘဏ်တချို့ကလည်း ငွေသွင်းငွေလွှဲ စည်းကမ်းများတင်းကျပ်လိုက်သဖြင့် အခက်အခဲများကြုံနေရသည်ဟု ဝီကီလိခ်မှ ပေါက်ကြားလာသည့် အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာန ကြေးနန်းတစောင်၌ ပါရှိသည်။

---

# ခရီးသည်များကိုအကြပ်ကိုင်ငွေတောင်း

**RFA ၊ စက်တင်ဘာ ၁၃ ။** ။ တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့မှာ လူကုန်ကူးမှု တားဆီးရေး အဖွဲ့က ခရီးသည်တွေရဲ့ မှတ်ပုံတင်တွေကို စိစစ်တားဆီး ထိမ်းသိမ်းရာမှာ ဥပဒေစည်းကမ်းနဲ့ မညီညွတ်မှု၊ လူ့အခွင့်အရေးချိုးဖေါက်မှုတွေ ကျူးလွန်နေတယ်လို့ သိရပါတယ်။

ဒီအိတ်ဖွင့်ပေးစာအရ လူကုန်ကူးမှု တားဆီးရေးလုပ်ငန်းစဉ်မှာ မှတ်ပုံတင်သိမ်း၊ လူကို ဖမ်းဆီးတာသာမက ရဲယကရုံးမှာ ရာဇဝတ်သားတွေလို ချုပ်နှောင်ထားတာဟာ နိုင်ငံသားများရဲ့ မူလအခွင့်အရေးချိုးဖေါက်ရာ ရောက်ကြောင်း၊ စီရင်ပိုင်ခွင့်ရှိတဲ့ တရားသူကြီးရဲ့ ချုပ်မိန့်မရဘဲ မည်သူ့ကိုမှ ၂၄ နာရီထက် ပို၍ချုပ်နှောင်ခွင့်မရှိရဆိုတဲ့ ပြဋ္ဌာန်းချက်ကို ဆန့်ကျင်နေကြောင်း ဖေါ်ပြထားပါတယ်။ **စာမျက်နှာ ၁၆ သို့**

# အာဆီယံချန်ပီယံဘောလုံးပွဲ ဒေါ်အောင်ဆန်းစုကြည်သွားရောက်ကြည့်ရှု

**VOA | စက်တင်ဘာ ၁၄ ။** ။ ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းမှာပြုလုပ်တဲ့ ၁၉ နှစ်အောက် အာဆီယံ ချန်ပီယံဘောလုံးပွဲကို မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် သွားရောက်ကြည့်ရှုခဲ့ပါတယ်။ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဦးဇော်ဇော်ရဲ့ ဖိတ်ကြားချက်နဲ့ ဒေါ်အောင်ဆန်းစုကြည်ဟာ ဘောလုံးပွဲကို သွားခဲ့တာဖြစ်ပြီး ဒီကနေ့မှာတော့ မြန်မာနဲ့လာအို အသင်းတို့ ကစားခဲ့ကြတာပါ။အပြည့်အစုံကိုတော့ မသင်းသီရိက တင်ပြပေး ထားပါ တယ်။

ပြီးခဲ့တဲ့ ဩဂုတ်လ ၂၀ ရက်နေ့က နေပြည်တော်မှာ လုပ်ခဲ့တဲ့စီးပွားရေးနဲ့ဖွံ့ဖြိုးမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ဒေါ်အောင်ဆန်းစုကြည် သွားရောက်ခဲ့စဉ်အတွင်း မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က ဘောလုံးပွဲတွေကို လာအားပေးဖို့ဖိတ်ကြားထားတဲ့ အတွက် ဒီကနေ့ ကစားတဲ့ မြန်မာနဲ့ လာအိုပွဲကို ဒေါ်အောင်ဆန်းစုကြည် သွားအားပေးခဲ့တာဖြစ်တယ်လို့ ဒေါ်အောင်ဆန်းစုကြည်နဲ့အတူ ဘောလုံးပွဲကို လိုက်ပါသွားတဲ့ NLD ပါတီက ဦးခွန်သာမြင့်က ပြောပါတယ်။

"ကျနော်တို့ နေပြည်တော်မှာတုန်းက ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်နဲ့တွေ့ပါတယ်။ အဲဒီကတည်းက ဦးဇော်ဇော်က အဲဒီပွဲကလေးရှိပါတယ်ပေါ့။ အမကို လာအားပေးဖို့ ဖိတ်ပါတယ်။ ဖိတ်တော့ အမကလည်း အဲဒီကတည်းက အားကစားဆိုတာလည်း နိုင်ငံရေး သူ့အနေနဲ့သက်ဆိုင်တာပေါ့၊ အဲဒီတော့ တတ်နိုင်သလောက် ကြိုးစားပါ့မယ်လို့ ပြောထားပါတယ်။ ဒီနေ့ကတော့ အချိန်လေးလည်းပေးနိုင်တာနဲ့ လာအိုနဲ့မြန်မာပွဲကို လာကြည့်တာပါ။" NLD ပါတီက ဦးခွန်သာမြင့်ပါ။

ဒေါ်အောင်ဆန်းစုကြည် ဘောလုံးပွဲကို လာကြည့်ဖို့အတွက် သက်ဆိုင်ရာအာဏာပိုင်တွေဆီကြိုတင်အသိပေးအကြောင်းရတာမျိုး မရှိသလို လုံခြုံရေးကိုလည်း သီးသန့် တိုးလုပ်ဆောင်တာမျိုးတွေ မရှိပါဘူးလို့ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌဦးဇော်ဇော်က ပြောပါတယ်။ မြန်မာနိုင်ငံအားကစားကဏ္ဍ ဖွံ့ဖြိုးဖို့အတွက်အဘက်ဘက်ရဲ့ အားပေးကူညီမှု လိုတယ်လို့လည်း ဦးဇော်ဇော်ကဆိုပါတယ်။

"မရှိပါဘူးခင်ဗျ။ ကျနော်တို့က ဘောလုံးပွဲကြည့်ဖို့အတွက် အာဆီယံပွဲက အိမ်ရှင်လည်းဖြစ်နေတော့ ဖိတ်တာပါ။ မရှိပါဘူး၊ ဒီအတိုင်းပဲ အမလာကြည့်မယ်လို့ ပြောတဲ့အခါ ဒီအတိုင်းပဲ လာကြည့်လို့ရပါတယ်။ လုံခြုံရေးက ဟိုးအစောကြီးကတည်းက အရမ်းအားကိုးရပါတယ်။တော်တော်ကြီးကိုဂရုစိုက်ပြီးအစောကြီးကတည်းကအများကြီးလုပ်ပေးထားပါတယ်။

ပရိတ်သတ်တွေကလည်း အများကြီးယဉ်ကျေးလာပါတယ်။ ဒါ့ကြောင့်မို့ ကျနော်တို့ ဒီပွဲမှာ တိုးတက်တာတွေ အများကြီးရှိတယ်ပေါ့နော်။ အဲဒါကြောင့်မို့ ကျနော်တို့ ထူးထူးခြားခြား ဘာမှ ပိုမလုပ်ပါဘူး။ ကျနော့်အနေနဲ့ကတော့ အားကစားကို စိတ်ဝင်စားတဲ့သူအားလုံးကိုကြိုဆိုပါတယ်။ ဒါမှလည်း ကျနော်တို့ရဲ့ အားကစားကိုလူတွေ စိတ်ဝင်စားလေ။ ပိုတိုးတက်လေပေါ့ဗျာ။ ဒီနေ့ပွဲမှာဆို လာကြည့်တဲ့သူတွေ အားလုံးပေါ့ အန်တီစုတို့ရော အကုန်လုံးကတော့ နောက်ဆုံးမိနစ်ထိ ရင်တခုန်ခုန်နဲ့ ပွဲကိုကြည့်ပြီးတော့ပဲ။ နိုင်တော့မှပဲသက်ပြင်းချရတယ်။"

ဒါပေမယ့် အင်တာနက်ဝက်ဆိုက် စာမျက်နှာမှာ ဖော်ပြလာကြတဲ့ ဓါတ်ပုံတွေထဲမှာတော့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ နဘေးမှာ ရန်ကုန်တိုင်းဒေသကြီးရဲ့ လုံခြုံရေးဝန်ကြီး ထိုင်နေတာကိုတွေ့ရပါတယ်။ တခါ ဒေါ်အောင်ဆန်းစုကြည် ဒီကနေ့ ဘောလုံးပွဲလာကြည့်တယ်ဆိုတာကို ပရိတ်သတ်တွေကလည်း သိကြသလို အရင်ကျင်းပခဲ့တဲ့ ပွဲတွေထက် လုံခြုံရေးပိုစစ်တယ်လို့ ဘောလုံးပွဲသွားကြည့်တဲ့ ပရိသတ်တဦးကပြောပါတယ်။

"သတိထားမိတယ်နဲ့တူတယ်၊ အပေါ်မှန်လုံခန်းထဲကိုပဲ၊ မော့ကြည့်မော့ကြည့်နဲ့ တွေ့တယ်ဗျ။ ကျနော်တို့ အပါအဝင်ပေါ့။ ကျနော်လည်း အဲဒီလိုပဲကြားတော့လေ၊ တွေ့ရတယ်။ အခု ကျနော်တို့ ကွင်းထဲဝင်တာ လုံခြုံရေးက တော်တော်ထူထူထပ်ထပ်တွေ့ရတယ်။ အရင်ကျနော် မြန်မာနေရှင်နယ်လိဂ်ပွဲတွေလည်း လာကြည့်ဖူးတယ်လေ။ အဲဒီလောက်မတွေ့ရဘူး။ ဒီပွဲမှာတော့ နိုင်ငံတကာပွဲတပွဲဆိုတာ ထက်ကို ပိုပြီးတော့ လုံခြုံရေးတွေတွေ့ရတယ်။ ပရိတ်သတ်တွေကတော့ မြန်မာအသင်းကိုအားပေးနေတာပဲ ခင်ဗျ။"

သုဝဏ္ဏအားကစားကွင်းမှာ ကစားခဲ့တဲ့ ၁၉ နှစ်အောက်အာဆီယံချန်ပီယံဖလားမှာတော့ ဒီကနေ့ မြန်မာနဲ့လာအို အသင်းတို့ ယှဉ်ပြိုင်ကြရာ ပွဲအစပိုင်း ၁၀ မိနစ်လောက်မှာ မြန်မာက ပထမဂိုးစသွင်းပြီး နောက်ပိုင်းမှာတော့ မြန်မာဖက်က ၂ ယောက် အထုတ်ခံရပေမဲ့ လာအိုအသင်းကို ၁ ဂိုး ဂိုးမရှိနဲ့ မြန်မာအသင်းက နိုင်ခဲ့ပါတယ်။

မြန်မာနိုင်ငံမှာ ပြီးခဲ့တဲ့ ဇူလိုင်လတုန်းကတော့ ကမ္ဘာ့ဖလား ခြေစစ်ပွဲအတွက် မြန်မာနဲ့အိုမန်အသင်းတို့ ကစားနေတုန်း ပရိသတ်က ကွင်းထဲကို ပစ္စည်းတွေ လှမ်းပစ်တဲ့အတွက် ပွဲဖျက်ခဲ့ရပါတယ်။

---

**စာမျက်နှာ ၁၅ မှ**

လူကုန်ကူးမှု တားဆီးရေးအဖွဲ့ တွေက ကော့သောင်းမြို့အဝင်ကားဂိတ် လေယာဉ်ကွင်းနဲ့ အမြန်ယာဉ်ဂိတ်တွေမှာ ခရီးသည်တွေကို စစ်ဆေးပြီး ၆/ကသန မဟုတ်တဲ့ မှတ်ပုံတင်ကိုင်ဆောင်သူတွေဟာ မြို့ခံအိမ်ရှင်ရဲ့ လိပ်စာ မပေးနိုင်ရင် ပြန်နိုင်းရာမှာ မှတ်ပုံတင်ကို ငွေ ၅ သောင်းပေးပြီး ရွေးယူရကြောင်း၊ မပေးနိုင်သူတွေကို သက်ဆိုင်ရာ ရဲကရုံးတွေမှာ ထိမ်းသိမ်းထားကြောင်း NLD လူငယ်လုပ်ငန်းအဖွဲ့က ကိုမြင့်မောင်က ပြောပြပါတယ်။

တချို့က မှတ်ပုံတင်ကို နှစ်ရှည်လများ သိမ်းထားပြီး လူကိုလည်း လနဲ့ချီပြီး ရဲကရုံးမှာ ထိမ်းသိမ်းထားကြောင်း၊ ဖမ်းထားတယ်လို့ မခေါ်ဆိုပေမဲ့ ထိုသူတွေဟာ အပြင်ထွက်ခွင့် မရှိဘဲ၊ အစားအသောက် မစီစဉ်ပေးတဲ့အတွက် မိမိဖာသာ ဝယ်စားတာ၊ အပြင်က လူတွေ လာကျွေးမှ စားရတာတွေရှိကြောင်း သူက ပြောပြပါတယ်။

ထိမ်းသိမ်းခံခရီးသည်တွေမှာ အပြန်စားရိတ် မတတ်နိုင်သူတွေကို အခမဲ့ နေရပ်ပြန်ပို့ နိုင်ရေး စီစဉ်ပေးနေပါတယ်၊ ကော့သောင်းမြို့က လူကုန်ကူးမှု တားဆီးရေးအဖွဲ့ မှာ မြို့နယ် အုပ်ချုပ်ရေး၊ မြို့နယ်ရဲ၊ ရဲအထူးသတင်းတပ်ဖွဲ့၊ စ.အ.ဖ၊ လ.ဝ.က စတဲ့ ဌာနဆိုင်ရာအဖွဲ့ တွေ ပူးပေါင်းပါဝင်ပြီး တဘက်နိုင်ငံကို တရားမဝင် သွားရောက်မှာကိုတားဆီးနေတာဖြစ်ပါတယ်။ အခုလို စစ်ဆေးတားဆီးရာမှာ ထိမ်းသိမ်းခံရတဲ့ ခရီးသွား ဦးရေဟာ နေ့စဉ် ၅၀ ဝန်းကျင်ရှိတယ်လို့ သိရပါတယ်။

# စတုတ္ထမဏ္ဍိုင်နှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေး

**ခင်မမမျိုး**

**ယခင် အပတ်အဆက်**

အစိုးရကြီးကိုင် မီဒီယာတွေ ဟာ သတင်းအချက်အလက်များ ဖြန့်ဖြူးခြင်း၊ အစိုးရဝါဒများကို ဖြန့်ချိပေးခြင်း စတာတွေ ပြုလုပ်နိုင်မှာ ဖြစ်ပေမယ့် အစိုးရရဲ့ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းဆောင်တာတွေကို စောင့်ကြည့်လေ့လာ ထိန်းသိမ်း တည့်မတ်မှုတွေ ပြုလုပ်နိုင်ခြင်း မရှိပါဘူး။

အစိုးရမူဝါဒတွေကိုလဲ လွတ်လပ်စွာ ဝေဖန်ခြင်း၊ အားနည်းချက်များ ထောက်ပြခြင်းတွေ ပြုလုပ်နိုင်မှာမဟုတ်ပါဘူး။ ဒီအခါမှာ စတုတ္ထမဏ္ဍိုင်ရဲ့ အရေးကြီးတာဝန်တခုဖြစ်ပြီး၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် အရေးကြီးလှတဲ့ government watchdog တာဝန်ကို ထမ်းဆောင်နိုင်ခြင်း မရှိပါဘူး။ ပြည်သူလူထုကိုလဲ သတင်းအချက်အလက်များအားလုံးကို ပွင့်လင်းမြင်သာစွာ တင်ပြနိုင်ခြင်းမရှိသလို၊ ပြည်သူ့အမြင်များကိုလဲ လွတ်လပ်စွာ ဖော်ထုတ်နိုင်ခွင့် မရှိတဲ့အတွက်နိုင်ငံတော်က ချမှတ်ထားတဲ့ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး မူဝါဒနဲ့လုပ်ငန်းဆောင်တာတွေဟာ ပြည်သူတွေအတွက် အမှန်တကယ် အကျိုးကျေးဇူး ဖြစ်ထွန်းခြင်း ရှိမရှိကို အကဲဖြတ်နိုင်မှာ မဟုတ်ပါဘူး။

သတင်းနဲ့ စာနယ်ဇင်းလွတ်လပ်ခွင့်ရှိမှသာ ပြည်သူလူထုကို သတင်းအချက်အလက်များပေးခြင်းနဲ့ လူထုရဲ့ ပူးပေါင်းပါဝင်မှုရယူနိုင် ခြင်းများ တိုးမြင့်လာပြီး လူထုကို empower လုပ်နိုင်မှာဖြစ်ပါတယ်။ ဒါတင်မကပဲ သတင်းနဲ့ စာနယ်ဇင်းလွတ်လပ်ခွင့်ကနေတဆင့် public marketplace ထဲကို အတွေးအခေါ်များ၊ အိုင်ဒီယာ များ၊ အမြင်သဘောထားများ စီးဝင်လာစေတဲ့အတွက် အရပ်ဘက်လူ့အဖွဲ့အစည်း (Civil Society) အားကောင်း လာစေရေးကိုလဲ ဆောင်ကျဉ်းပေးနိုင်ပါတယ်။ ဒီလို ပွင့်လင်းမြင်သာမှု၊ အရပ်ဘက် လူ့အဖွဲ့အစည်း အားကောင်းလာစေမှုတွေ ကနေတဆင့် Universal Declaration of Human Rights ရဲ့ Article 19 (Freedom of expression and information) ကိုလဲ ကာကွယ်စောင့်ရှောက်ပြီးသား ဖြစ်သွားပါတယ်။ ဒါကြောင့် နိုင်ငံရေးအခွင့်အရေးနဲ့ လူမှုရေးအခွင့်အရေးဆိုတာသီးခြားသတ်မှတ် ဦးစားပေးလို့ မရနိုင်ပဲ တပြိုင်နက်တည်း အကောင်အထည်ဖော်ဆောင်ဖို့ လိုအပ်တဲ့ အရာတွေဖြစ်ကြောင်း စတုတ္ထမဏ္ဍိုင်နဲ့ဆင်းရဲနွမ်းပါးမှုလျှော့ချရေး အကြားက ဆက်နွယ်မှုတွေက မီးမောင်းထိုးပြခဲ့ပါတယ်။

စတုတ္ထမဏ္ဍိုင်၏ အခန်းကဏ္ဍအား မြှင့်တင်ခြင်း

စတုတ္ထမဏ္ဍိုင်နဲ့ဆင်းရဲနွမ်းပါးမှုလျှော့ချရေးတို့အကြားမှာ ဆက်နွယ်မှုတွေရှိတာကြောင့်စတုတ္ထမဏ္ဍိုင်ရဲ့အခန်းကဏ္ဍကိုမြှင့်တင်ခြင်း ဖြင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးကို အထောက်အကူပြုလာစေနိုင်ပါတယ်။ ဒီလို စတုတ္ထမဏ္ဍိုင်ရဲ့အခန်းကဏ္ဍကို ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် ဦးတည်ပြီး မြှင့်တင်နိုင်မယ့် နည်းလမ်းတွေကို ပညာရှင်တွေက လေ့လာဖော်ထုတ်ခဲ့ကြပါတယ်။

(၁) သတင်းအချက်အလက်များပေးခြင်း

သတင်းနဲ့ စာနယ်ဇင်းကဏ္ဍဟာ လူထုလူတန်းစားအလွှာအသီးသီးကို သတင်းအချက်အလက်များပေးနိုင်တဲ့ အထိရောက်ဆုံးပြည်သူ့ဆက်ဆံရေး ယန္တရားဖြစ်ပါတယ်။ တိုင်းပြည်ရဲ့ စီးပွားရေးအခြေအနေ၊ လူမှုရေးအခြေအနေ၊ ဆင်းရဲနွမ်းပါးမှုအခြေအနေတွေနဲ့ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက်နိုင်ငံတော်ကဖော်ဆောင်နေတဲ့မူဝါဒတွေ၊ လုပ်ငန်းစဉ်တွေကို လူထုကသိရှိဖို့ လိုအပ်ပါတယ်။ စတုတ္ထမဏ္ဍိုင်အနေနဲ့ ဒီလိုမူဝါဒ၊ လုပ်ငန်းစဉ်တွေနဲ့ ပတ်သက်တဲ့အချက်အလက်တွေကိုသာမက မူဝါဒတွေရဲ့ လူထုအပေါ်အကျိုး သက်ရောက်မှုတွေ၊ အားသာချက်၊ အားနည်းချက်စတဲ့ သတင်းအချက် အလက်တွေကိုပါ အများပြည်သူထံ ပို့ဆောင်ပေးနိုင်ပါတယ်။

(၂) ပြည်သူ့အမြင်၊ ပြည်သူ့အသံများ ဆောင်ကျဉ်းပေးခြင်း

နိုင်ငံတော်က ချမှတ်ထားတဲ့ မူဝါဒတွေနဲ့ လုပ်ငန်းဆောင်တာတွေအပေါ်မှာ အများပြည်သူရဲ့အမြင်တွေနဲ့ သဘောထားတွေကိုမူဝါဒချမှတ်ထားသူများ၊ အကြံပေးများနဲ့ မူဝါဒအကောင်အထည်ဖော်ဆောင်နေသူများ သိရှိဖို့လိုအပ်ပါတယ်။ ပြည်သူလူထုရဲ့ အမြင်သဘောထားတွေနဲ့ လူထုလူတန်းစားအလွှာအသီးသီးကို ကိုယ်စားပြုတဲ့ပြည်သူ့အသံတွေကို စတုတ္ထမဏ္ဍိုင်က ဆောင်ကျဉ်းပေးနိုင်ပါတယ်။

(၃) Public Debate ပလက်ဖောင်း ဖန်တီးပေးခြင်း

အရေးကြီးတဲ့ ပြည်သူ့ရေးရာမူဝါဒတွေနဲ့ ပတ်သက်ပြီး ပညာရှင်တွေ၊ မူဝါဒရေးရာကျွမ်းကျင်သူတွေရဲ့ ဆွေးနွေးပွဲတွေ၊ debate တွေ ပြုလုပ်တဲ့အခါ အများပြည်သူရဲ့ ဗဟုသုတတွေ၊ အတွေးအမြင်တွေ တိုးတက်လာစေနိုင်ပါတယ်။အကြောင်းအရာတခုချင်းစီကိုလဲထဲထဲဝင်ဝင် ခြုံငုံသိရှိသွားစေနိုင်ပါတယ်။ စတုတ္ထမဏ္ဍိုင်ဟာ ဒီလို public debate ပလက်ဖောင်းကို ဖန်တီးပေးနိုင်ပါတယ်။ ဘင်္ဂလားဒေ့ရှ် နိုင်ငံက Daily Star သတင်းစာမှာ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ ပို့ဆောင်ဆက်သွယ်ရေး၊ ပို့ကုန်သွင်းကုန် မူဝါဒများ၊ စွမ်းအင်မူဝါဒများနဲ့ ပတ်သက်ပြီး public debates များ ပြုလုပ်လေ့ရှိပါတယ်။ အဲဒီကနေ ပေါ်ထွက်လာတဲ့ရလဒ်တွေကို စုစည်းပြီး နိုင်ငံရေးပါတီများနဲ့ အန်ဂျီအိုများကို အကြံပြုချက်များလဲ ပေးအပ်ပြီး public engagement ကို စတုတ္ထမဏ္ဍိုင်ကတဆင့် တိုးမြှင့်ပေးနိုင်ခဲ့ပါတယ်။

(၄) ပြည်သူ့ရေးရာဌာနများ၏ တာဝန်ခံမှု ရှိစေခြင်း

ဆင်းရဲနွမ်းပါးမှုလျှော့ချရေး မူဝါဒများကို ထိထိရောက်ရောက်

**စာမျက်နှာ ၁၉ သို့**

**နောက်ကျောဖုံးမှ**

ဆိုတော့ ဒီ process ကျတော့ တစုံတရာ အကျိုးကျေးဇူး ပိုပြီးတော့ အရင်ထက် ရှိတယ်လို့ ပြောလို့ရပါတယ်။”

နိုင်ငံတကာအမြင်မှာ မြန်မာ့နိုင်ငံရေး တိုးတက်ကောင်းမွန်အောင်စဉ်းစားကြမယ်ဆိုရင် ဒေါ်အောင်ဆန်းစုကြည်ရဲ့ အခန်းကဏ္ဍကို မေ့ထားလို့မရပါဘူး။ ဆိုတော့ ဒေါ်အောင်ဆန်းစုကြည်ရဲ့အခန်းကဏ္ဍနဲ့ပတ်သက်ပြီးတော့ရော သမ္မတကြီးအနေနဲ့ သမ္မတကြီးအဖွဲ့မှာပါဝင်တဲ့ အစိုးရအဖွဲ့အနေနဲ့ ဘယ်လိုများသဘောထားတွေ ပြောင်းလဲလာလိမ့်မယ်လို့ထင်ပါသလဲ။ အခုလောလောဆယ်တော့ သမ္မတကြီးက တွေ့ပြီး သွားပြီပေါ့လေ။ ဒါပေမဲ့ အခုရှေ့ဆက်ပြီးတော့အားလုံးက မျှော်လင့်နေကြတာ ဘာများဖြစ်လာမလဲဆိုပြီး စောင့်ဆိုင်းနေကြပါတယ်။ ဆိုတော့ သမ္မတကြီးရဲ့အကြံပေးပုဂ္ဂိုလ်တယောက်အနေနဲ့ ဘယ်လို ခန့်မှန်းလို့ရပါသလဲ။ -

“ကျနော့်အနေနဲ့ ယေဘုယျသဘောကို ပြောရမယ်ဆိုလို့ရှိရင်တော့ အကောင်းဘက်ကို တော်တော်ကြီးကို ပြောင်းသွားတယ်ဗျ။ နည်းနည်းမဟုတ်ဘူးပေါ့။ ဆိုတော့ ဥပမာအားဖြင့် အပြောင်းအလဲတခုကို တကယ် ရှေ့ရှုမှု ရှိမရှိကို ကျနော်တို့သုံးသပ်လို့ရတဲ့ တိုင်းလို့ရတဲ့ ပေတံလေးတွေရှိတယ်ပေါ့။ ဆိုပါတော့ ကျနော်တို့ရဲ့အကြံပေးတယောက်အနေနဲ့ လုပ်ရကိုင်ရတဲ့ ကိစ္စရပ်တွေအပေါ်မှာလည်း ကျနော်တို့ တိုင်းတာမှုလေးတွေရှိတယ်။ နောက်တခါ အခြားသော အခင်းအကျင်းတွေကို ကျနော်တို့ လေ့လာသုံးသပ်ခြင်းအားဖြင့် လိုချင်တဲ့အပြောင်းအလဲဘယ်လောက်အထိရှေ့ရှုသွားသလဲဆိုတာကိုလည်းတိုင်းတာလို့ရတယ်။ ဥပမာအားဖြင့် ကျနော်တို့ မြင်ခဲ့တွေ့ခဲ့တဲ့ သမ္မတကြီးရဲ့ရုံးခန်းမှာ ဗိုလ်ချုပ်အောင်ဆန်းပုံတွေ ချိတ်ထားတာတွေ၊ နောက်တခါ ဒီဘက်ဝန်ကြီးချုပ် ဦးနုကနေစပြီးတော့ တောက်လျှောက်အစဉ်အဆက် နိုင်ငံရဲ့အမြင့်ဆုံး တာဝန်ကိုထမ်းဆောင်တဲ့သူတွေရဲ့ ဓါတ်ပုံတွေကို သူ့အစဉ်လိုက် ချိတ်ထားတာတွေပေါ့။ ဒါတွေကျတော့ကျနော်တို့ကတော့တွေ့ခွင့်ရတယ်။ တွေ့ခွင့်ရတဲ့အခါကျတော့ ကျနော်တို့ပြောမယ်ဆိုရင်အပြင်လူတွေနဲ့ကျတော့ ယုံကြည်မှုရှိဖို့အတော်လေးခဲယဉ်းတယ်။ အခု ဒေါ်အောင်ဆန်းစုကြည်ရောက်သွားတယ်။ သူဒါကိုတွေ့တယ်။ ဒေါ်အောင်ဆန်းစုကြည်နဲ့သမ္မတကြီးရဲ့တွေ့ဆုံမှု မတိုင်ခင်မှာကျနော်တို့ရဲ့ ပြည်ထောင်စုဝန်ကြီးဖြစ်တဲ့ ဦးအောင်ကြည်နဲ့တွေ့တယ်။ ဆိုတော့ အရင်ကလည်းမတွေ့ခဲ့ဘူးလားဆိုတော့ တွေ့ခဲ့ပါတယ်။ သို့သော်လည်း ကျနော်တို့ကတွေ့ခဲ့ပြီးတဲ့အခါ ကျတော့ ဒီနေ့ခေတ်က Result oriented ကိုး။ result ဘယ်လောက်ရှိသလဲဆိုတာကို စကားပြောကြတာကိုး။ ဆိုတော့ သူတို့ ပထမတွေ့တဲ့အချိန်မှာ joint statement ထုတ်တယ်။ အဲဒီကြေညာချက်ထဲမှာ စောစောတုန်းက ပြောသလို အမြင်မတူတာတွေ ခဏဘေးဖယ်ထားမယ်။ အမြင်တူတာတွေနဲ့ဆက်လုပ်ကြမယ်ဆိုတဲ့ joint statement မျိုးထုတ်ကြတဲ့အခါကျတော့ ကျနော်တို့မှတ်ချက်ချလို့ရတာက They got the common ground. (တူညီတဲ့အခြေခံတွေရထားပြီ။) ဒါက ပထမတခု။ နောက်တခါ လေးငါးခြောက်လလောက်နေမှ တခါတွေ့တာမျိုးမဟုတ်ဘဲနဲ့ ခပ်စိပ်စိပ်လေးပေါ့နော်။ တလမတိုင်ခင်မှာ ကျနော်ထင်တယ်။ ဥပတ်အလိုလောက်လားမသိဘူး။ ဒုတိယတကြိမ်တွေ့တယ်ဗျ။ ဒုတိယတကြိမ်တွေ့တဲ့အခါကျတော့ အချက်လေးချက်ပါတဲ့ joint statement တခုကိုထပ်ထုတ်တယ်။ ဆိုတော့အချက်လေးချက်ကိုကျနော်က ချပြီးရေးပြီးတော့မှ သဘောတူသွားတဲ့အခါကျတော့ ဒီတိုးတက်မှုက အတော်လေး ကောင်းလာတာပေါ့။ နောက်များမကြာခင်မှာပဲ သမ္မတကြီးနဲ့ ထပ်တွေ့တယ်ပေါ့။ သူတို့နှစ်ယောက် သီးသီးခြားခြားပြောတဲ့စကားကြတော့လည်း ကျနော်တို့ မသိနိုင်ဘူးပေါ့။ ဘယ်လိုပဲဖြစ်ဖြစ် တိုးတက်မှုကတော့ အရင်လိုတခါတွေ့ လေးငါးခြောက်လ မဟုတ်တော့ဘဲနဲ့ စိပ်စိပ်လည်းတွေ့လာတယ်။ နောက်တခါ တစုံတရာကျနော်တို့ statement တခုကို ထုတ်နိုင်တဲ့အဆင့်ဆိုတဲ့အခါကျတော့ ဒီတိုးတက်မှုသည် ဘယ်လောက်အဆင့်ရှိတဲ့ တိုးတက်မှုလဲဆိုတာကို ကျနော်တို့ ခန့်မှန်းလို့ရတယ်ပေါ့။”

နောက်တခုက မြန်မာ့နိုင်ငံရေး တိုးတက်ပြောင်းလဲအောင် အရေးကြီးဆုံးက တကမ္ဘာလုံးကလည်း ဝိုင်းအော်နေတဲ့ ပြောနေကြတဲ့ ကိစ္စက နိုင်ငံရေးအကျဉ်းသားတွေကိစ္စပါ။ အဲဒီတော့ နိုင်ငံရေးအကျဉ်းသားရယ်လို့ပြောလိုက်လို့ရှိရင် မြန်မာနိုင်ငံအစိုးရ ဝန်ကြီးတွေအတော်များများက မြန်မာနိုင်ငံမှာ နိုင်ငံရေးအကျဉ်းသားဆိုတာ မရှိပါဘူးလို့ ပြောကြပါတယ်။ ဒါပေမဲ့ အားလုံးကသိပါတယ်။ မြန်မာနိုင်ငံမှာ နိုင်ငံရေးအကျဉ်းသားတွေ တကယ်ပဲရှိနေတယ်ဆိုတာ။ အဲဒီတော့ နိုင်ငံရေးအကျဉ်းသားတွေလွှတ်ပေးရေး အခြေအနေနဲ့ပတ်သက်ပြီးတော့ ဘာကြောင့် ခုချိန်ထိများမလွှတ်ပေးနိုင်သေးဘဲ အချိန်ဆွဲတဲ့သဘောဖြစ်နေတာလဲလို့ သိချင်ပါတယ်။ -

“စနစ်ဟောင်းတခုကနေ စနစ်သစ်တခုကို အပြောင်းအလဲကာလမှာတော့ အချိန်တစုံတရာ ယူရတာမျိုးရှိတယ်ပေါ့။ ဆိုပါတော့အစိုးရသက်တမ်းတလသားပေါ့။ ကျနော်တို့ကရက်ပိုင်းနောက်ကျတယ်ပေါ့။ အဲဒီအချိန်မှာ အပြင်ကဖြစ်ချင်နေတဲ့ သူတွေရဲ့ဆန္ဒကိုလည်း ကျနော်တို့က အပြစ်အဆိုဘူးဗျ။ မြန်မြန်ဖြစ်ချင်တာပေါ့။ ခရီးတခုကို ကျနော်တို့က အတိုဆုံးနဲ့ရောက်ချင်တာပေါ့။ သို့သော်လည်း တဘက်မှာကျတော့ အရေးအရာကိစ္စရပ်တွေ အများကြီးရှိတဲ့အခါကျတော့အချိန်တစုံတရာတော့ ယူသင့်တာပေါ့။ အဲဒီကာ လတုန်းက တလသားနှစ်လသားမှာက လူတွေကတော့ အမြန်ဖြစ်ချင်တာ ပေါ့လေ။ သို့သော်လည်း တဘက်မှာကတော့ Stability ဆိုတဲ့ကိစ္စကလည်းရှိတယ်ပေါ့။ စပ်ကူးမှတ်ကူးကာလမှာဖြစ်တပ်တဲ့ သဘာဝပါ။ အခုဘာပဲပြောပြော သုံးလသားကျော်တာနဲ့ ပြုပြင်ပြောင်းလဲမှုတွေက အတော်ကိုတွေ့ရပြီပေါ့။ ဒီနှစ်လအတွင်းမှာပဲ ဝန်ကြီးဦးအောင်ကြည်နဲ့နှစ်ကြိမ်တွေ့တယ်။ သမ္မတကြီးနဲ့တကြိမ်တွေ့တယ်။ ဒေါ်အောင်ဆန်းစုကြည်နဲ့ပေါ့။ အကျဉ်းသားတွေကိစ္စနဲ့ပတ်သက်ပြီး ကျနော်ဖြေလေ့ဖြေထရှိတာ တခုရှိတယ်။ ကျနော်တို့ကျတော့ အကြံပေးသက်သက်ပဲ ဖြစ်တယ်လေ။ Decision maker လည်းမဟုတ်ဘူး။ Highest authority လည်းမဟုတ်ဘူး။ ပြည်ပကိုနှစ်ပေါင်းများစွာ ရောက်သွားတဲ့သူတွေကိုတောင်မှ ကျနော်တို့ Welcome back ပြန်လုပ်သေးတယ်ဆိုလို့ရှိရင် ပြည်တွင်းမှာရှိတဲ့ အကျဉ်းသားတွေကိစ္စရပ်ကအလားအလာအများကြီးကောင်းပါတယ်။ ဒါသည် sign တခုပါပဲလို့ ကျနော်ဖြေခဲ့ဖူးပါတယ်။ အဲဒီလိုကျနော်တို့နားလည်မယ်ဆိုခဲ့ရင် ကျနော်တို့အလားအလာအများကြီးကောင်းပါတယ်။”

နိုင်ငံတော်သမ္မတရဲ့နိုင်ငံရေးအကြံပေး ဒေါက်တာနေဇင်လတ်ကို မြန်မာနိုင်ငံရောက် ဗွီအိုအေဝိုင်းတော်သူ ဒေါ်ခင်စိုးဝင်းက တွေ့ဆုံမေးမြန်းခဲ့တာပါရှင်။

# ငွေဆောင်ဒေသ လယ်သမားများ ဧရာဝတီတိုင်း ဝန်ကြီးရုံးသို့ ချီတက်ဆန္ဒပြ

**DVB ၊ စက်တင်ဘာ ၁၅ ။** ။ နေပြည်တော်မှာ နိုင်ငံတကာ ဒီမိုကရေစီနေ့ အခမ်းအနားကျင်းပချိန်နဲ့ တိုက်ဆိုင်ပြီး မြေသိမ်းခံရမှာကိုစိုးရိမ်နေတဲ့ ဧရာဝတီတိုင်း ငွေဆောင်ဒေသက လယ်သမား ၂၀၀ နီးပါးက ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်ရုံးဆီ ဒီနေ့ ချီတက် ဆန္ဒပြခဲ့ကြပါတယ်။

၂၀၀၀ ပြည့်နှစ်ကစလို့ ငါးလုပ်ငန်းဦးစီးဌာနက အဲဒီဒေသမှာ လယ်မြေတချို့ကို လျော်ကြေးမပေးဘဲ သိမ်းထားပြီး နောက်ထပ်လည်း သိမ်းဖို့လျာထားတယ်လို့မြေစာရင်းရုံးကတဆင့်သိရတဲ့နောက် တောင်သူတွေက သူတို့ အသက်မွေးလုပ်ငန်းတွေအတွက် စိုးရိမ်နေကြတာပါ။ ချီတက်ဆန္ဒပြတဲ့ လယ်သမားတယောက်က "အခုလောလောဆယ် သိမ်းထားတာက ၃ ဧကလောက်မှာရှိတယ်။ လျာထားတာက ပြည်သူတွေရဲ့ ဘိုးဘွားပိုင်မြေက ဧက ၈၀၀ လောက်ရှိတယ်။ အခုလောလောဆယ် ကိုယ့်ဘာသာကိုယ်လုပ်စားနေရသေးပေမယ့် လျာထားတယ်ဆိုတာရှိနေတော့ နောက်ကြောင်းမအေးလို့ပါ။ စိတ်မချလို့ပါ။ လျာထားစာရင်းကိုဖျက်သိမ်းပေးပါလို့ ကျနော်တို့တောင်းဆိုတာပါ"လို့ပြောတယ်။

နာမည်ကျော် ငွေဆောင်နဲ့ချောင်းသာကမ်းခြေ နှစ်ခုကြားမှာရှိတဲ့ လယ်မြေနဲ့ဥယျာဉ်ခြံတွေပါဝင်တဲ့ မြေဧက ၈၀၀ ကျော်ကို ငါးလုပ်ငန်းဝန်ကြီးဌာနက သိမ်းမယ့်အရိပ်အခြေတွေရှိနေတာကြောင့်စိုးရိမ်ပြီး ဝန်ကြီးချုပ်ရုံးဆီသွား အရေးဆိုတာလို့ လယ်သမားတွေကပြောပါတယ်။

မြေသိမ်းခံထားရတဲ့ လယ်သမားတဦးက "သူတို့လုပ်ထားတာ ကျနော်တို့မှာ တော်တော်နစ်နာနေတယ်။ နိုင်ငံတော်ပိုင်အဖြစ် သိမ်းတယ်ဆိုရင်လည်း ပွင့်ပွင့်လင်းလင်းသိချင်တာပေါ့နော်။ အရောင်း အဝယ်ဆိုရင်လည်း အရောင်းအဝယ်တခုကို အတိအကျသိချင်တယ်။ အဲဒီလို သိချင်လို့ ကျနော်တို့ကလာတာပါ" လို့ ပြောပါတယ်။

အမျိုးသမီး၊ အမျိုးသားအပါအဝင်အင်အား ၂၀၀ နီးပါးဟာမနက် ၁၀ နာရီက ပုသိမ်မြို့ကားဂိတ်ကနေ ပုသိမ်မြို့တပတ် ငြိမ်းချမ်းစွာချီတက်သွားကြပြီးနောက် မြေသိမ်းဖို့လျာထားတာကို ဖျက်သိမ်းပေးဖို့ တောင်းဆိုတဲ့စာကို ဝန်ကြီးချုပ်ရုံးကိုပေးပို့ခဲ့တယ်လို့ လယ်သမားတွေက ပြောပါတယ်။

လယ်သမားတွေရဲ့ မေတ္တာရပ်ခံတဲ့စာကို ဝန်ကြီးချုပ်ဦးသိန်းအောင်ရဲ့ရုံးက တာဝန်ရှိသူတဦးက လက်ခံပြီး နောက် ၃ ရက်ကြာရင်ဝန်ကြီးချုပ်ကိုယ်တိုင် ကွင်းဆင်းစုံစမ်းပေးပါမယ်ဆိုတဲ့ နှုတ်ကတိကိုလည်း ရခဲ့တယ်လို့ လယ်သမားတွေက ပြောပါတယ်။ လယ်သမားတွေရဲ့ ငြိမ်းချမ်းစွာဆန္ဒပြမှုမှာ လိုက်ပါသွားတဲ့ လူ့အခွင့်အရေးကာကွယ်မြှင့်တင်သူများကွန်ရက် (HRDP) က ကိုမြင့်နိုင်က အခုလို ပြောပါတယ်။

"ဒီမိုကရေစီနေ့လည်းဖြစ်တဲ့အတွက် တောင်သူလယ်သမားတွေရဲ့ ၁၀ နှစ်ကျော်ကျော် မတရားသိမ်းပိုက်ခံရမှုတွေက ပြေပျောက်သွားလိမ့်မယ်လို့ကျနော်ယုံကြည်မျှော်လင့်ပါတယ်။ ဘာလို့လဲဆိုတော့ တကယ် အသိမ်းပိုက်ခံရတာတွေဆိုတာ အမှန်တရားပါပဲ။ အမှန်တရားဖြစ်တဲ့အတွက် ရရှိလိမ့်မယ်လို့ ကျနော် မျှော်လင့်ပါတယ်ခင်ဗျ။"

ဒီနေ့ ငြိမ်းချမ်းစွာ လမ်းလျှောက်ချီတက်မှုကို အရပ်ဝတ်နဲ့ လုံခြုံရေးတွေက လမ်းတလျှောက်စောင့်ကြည့်တာ ဓာတ်ပုံရိုက်တာတွေရှိပေမယ့် အနှောင့်အယှက်မပေးဘူးလို့ လယ်သမားတွေကပြောပါတယ်။

---

**စာမျက်နှာ ၁၇ မှ**

အကောင်အထည် ဖော်ဆောင်နိုင်ရေးအတွက် သက်ဆိုင်ရာ ပြည်သူ့ရေးရာဌာနများရဲ့ တာဝန်ခံမှု (accountability) ရှိဖို့ အလွန်အရေးကြီးပါတယ်။ အဆိုပြုချက်တွေနဲ့ မူဝါဒတွေကို အကောင်အထည်ဖော်ဆောင်တဲ့အခါ ဒီမူဝါဒတွေဟာ သင့်လျော်မှုရှိမရှိ၊ ထိရောက်မှုရှိမရှိ၊ စီမံချက်တွေအတိုင်း အကောင်အထည်ဖော်ဆောင်ခြင်း ရှိမရှိစတာတွေကို မီဒီယာနဲ့ သတင်းစာနယ်ဇင်းတွေက စောင့်ကြပ်ကြည့်ရှုနိုင်ပါတယ်။ အစိုးရအသုံးစရိတ်များရဲ့ မှန်ကန်တိကျမှုကိုလဲ ဆန်းစစ်လေ့လာနိုင်တာကြောင့် ဘဏ္ဍာငွေအလွဲသုံးစားပြုမှုတွေနဲ့ လာဘ်ပေးလာဘ်ယူမှုတွေကိုလဲ တိုက်ဖျက်နိုင် ပါတယ်။

နိဂုံး

နိဂုံးချုပ်ဆိုရရင် သတင်းနဲ့စာနယ်ဇင်းကဏ္ဍဟာ အုပ်ချုပ်ရေးမဏ္ဍိုင်၊ ဥပဒေပြုရေးမဏ္ဍိုင်နဲ့ တရားစီရင်ရေးမဏ္ဍိုင်စသော မဏ္ဍိုင်ကြီးသုံးရပ်ကို စောင့်ကြည့်လေ့လာတည့်မတ်ပေးရတဲ့ စတုတ္ထမဏ္ဍိုင်ကြီးဖြစ်တဲ့အတွက် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး မူဝါဒများ ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်နိုင်ရေးအတွက် အရေးပါလှပါကြောင်း ရေးသားတင်ပြအပ်ပါတယ်။

ရည်ညွှန်းကိုးကားစာရင်း


Deane, J. (2005) "Why the Media Matters," GFMD October 2005

Gregoire, L. (2005) "Why Development Needs Good Journalism," WPFD

Hudock, A. (2003) "Hearing the Voices of the Poor: Encouraging Good Governance and Poverty Reduction through Media Support," World Learning

Obaigbena, N. (2001) " Role of the press in poverty reduction strategies (PRSP) Design and Implementation Process", Africa Forum on Poverty Reduction Strategies, Dakar, Senegal, September 10-13, 2001.

Panos London (2005) " What are the MDGs and why are they important?

www.panos.org.uk/extra/mdgs_index.asp

Panos London (2007) 'The role of the media in boosting public awareness and debate of trade policy-making', in WTO (2007) WTO Public Forum 2006: What WTO for the XXIst Century?, London

Siebert, F., Peterson, T., & Schramm, W. (1956) "Four theories of the press: The authoritarian, libertarian, social responsibility, and Soviet communist concepts of what the press should be and do", Urbana: University of Illinois.

# နိုင်ငံရေးအကျဉ်းသားတွေလွတ်ရေး အလားအလာကောင်းဟု နေဇင်လတ်ပြောဆို

**VOA ၊ စက်တင်ဘာ ၁၄ ။** ။ ပြည်ပမှာ ရောက်နေတဲ့သူတွေ ပြန်လာကြဖို့ မြန်မာအစိုးရက ကမ်းလှမ်းနေတယ်ဆိုရင် ဒါဟာ ပြည်တွင်းက နိုင်ငံရေးအကျဉ်းသားတွေ လွတ်မြောက်ရေးအတွက်လည်း အလားအလာကောင်းတခုအဖြစ်မျှော်လင့်နိုင်ကြောင်း နိုင်ငံတော်သမ္မတအကြံပေး ဒေါက်တာနေဇင်လတ်က ဗွီအိုအေကိုပြောပါတယ်။ ဒေါ်အောင်ဆန်းစုကြည်နဲ့သမ္မတဦးသိန်းစိန်တို့ တွေ့ဆုံမှုတွေကိုကြည့်ရင် အမြင်မတူတာတွေကို ဘေးဖယ်ပြီး ပူးပေါင်းလုပ်ဆောင်ဖို့ ဦးတည်တာ ဖြစ်တဲ့အတွက် တိုးတက်မှုတွေ ရှိနေတယ်လို့ သူက ထောက်ပြပါတယ်။ ဒေါက်တာနေဇင်လတ်ကို နေပြည်တော်မှာ ဗွီအိုအေသတင်းထောက် ဒေါ်ခင်စိုးဝင်းက တွေ့ဆုံမေးမြန်းထားပါတယ်။

အခုလောလောဆယ် လက်ရှိနိုင်ငံရေးအနေအထားအရ အရင်ကထက်စာရင် အားလုံးက ခန့်မှန်းပါတယ်။ အထိုက်အလျောက် အသင့်အတင့် ပြောင်းလဲလာတယ်လို့ မြင်ကြပါတယ်။ ဆိုတော့ဒီထက်မကပိုပြီးတော့ တိုးတက်ပြောင်းလဲလာအောင် နိုင်ငံတော်သမ္မတအကြံပေးတဦးအနေနဲ့ သမ္မတကြီးကို ဘာတွေများအကြံပေး နေပါလဲရှင့်။

"ယေဘုယျသဘောနဲ့ပြောမယ်ဆိုလို့ရှိရင်တော့ reform လုပ်တာကတော့ sector တိုင်းမှာလုပ်ပါတယ်။ နိုင်ငံရေးရော၊ စီးပွားရေးရော၊ ကျန်းမာရေးရော၊ ပညာရေးရော စသည်အားဖြင့်ပေါ့နော်။ ကဏ္ဍစုံမှာလုပ်ပါတယ်။ အဲဒီမှာ ကျနော်တို့က reform လုပ်တဲ့အခါမှာ တကယ့် အနှစ်သာရရှိရှိ new landscape ကို ဘယ်လိုသွားရမလဲပေါ့။ နောက်တခါ national reconciliation ဆိုတဲ့ ကိစ္စရပ်က တကယ်ပီပီပြင်ပြင် ဘယ်လိုများလုပ်နိုင်၊ ဖြစ်နိုင်မလဲတကယ့် အနှစ်သာရရှိရှိနဲ့ အပြောင်းအလဲ တစုံတရာလုပ်ဖို့အတွက်ကို ရှေ့ရှုနေပါတယ်။ အဲဒါကို ရောက်ဖို့အတွက် ပံ့ပိုးပေးနိုင်မယ့် ကိစ္စရပ်တွေကို ကျနော်တို့ အကြံပေးပါတယ်။ သမ္မတကြီးကလည်း အဲဒါကို လိုလိုလားလားလက်ခံပါတယ်ခင်ဗျ။"အမျိုးသားပြန်လည် ရင်ကြားစေ့ရေးအတွက်ကိုနှစ်ဖက်အပေးအယူ လိုက်လျောမှုတွေလုပ်ဖို့ရော မရှိဘူးလားရှင့်။ -

"ရှိပါတယ်ခင်ဗျ။ မူအားဖြင့်ကတော့ ကျနော်တို့ စီးပွားရေးအနေနဲ့ ကြည့်လိုက်မယ်ဆိုရင်တော့ ရောင်းသူဝယ်သူပေါ့။ ရောင်းတဲ့သူကလည်း ဈေးတခုခေါ်မယ်၊ ဝယ်တဲ့သူကလည်း ဈေးတခု သူပေးမယ်ပေါ့။ ဒီကြားထဲမှာ ညှိနှိုင်းပါတယ်။ အဲဒီတော့ အရင်တုန်းက ကျနော်တို့ process က ဘာလေး အားနည်းတာသွားတွေ့ရလဲဆိုတဲ့အခါကျတော့ အမြင်မတူတာတွေကို ခဏဖယ်ထားမယ်၊ အမြင်တူတာကိုသွားရမယ်ပေါ့။ ပြီးခဲ့တဲ့ process လေးတွေမှာက ၁၀၀ % မှန်တယ်လို့တော့ ကျနော်မပြောဘူး။ သို့သော်လည်း အားနည်းချက်လေးတခု ကျနော်သွားတွေ့တာက အမြင်မတူတွေကနေစပြီးတော့ အတင်းညှိတဲ့အခါမှာ တစုံတရာလွှဲချော်မှုလေးတွေရှိလာခဲ့တယ်။ အခုကျတော့ ကျနော်တို့ concept ကပြောင်းသွားတယ်။ အမြင်မတူတာလေးတွေ ခဏလေးဘေးဖယ်ထားမယ်။ အမြင်တူတာကစလုပ်မယ်ပေါ့။ ဆိုတော့ အမြင်တူတာတွေကို စလုပ်ရင်း ကိုင်ရင်းနဲ့ကိုက တယောက်နဲတယောက်က ယုံကြည်မှုပိုလာတယ်ဗျ။ understanding တွေပိုရှိလာတယ်။ နောက် trust build up လုပ်လာလို့ ရတယ်ဗျ။ အဲဒီအခါမှာ အမြင်မတူတဲ့ major issues တွေကိုတော့ ခဏထားပေါ့။ တော်တော်များများ minor issues တွေမှာ ဒီ understanding ကနေပြီးတော့ သီးခြားညှိစရာမလိုဘဲနဲ့ အမြင်တူမှုတွေဖြစ်လာတယ်။

**စာမျက်နှာ ၁၈ သို့**


Voice of Burma

**APTO 502**
**7-18-1 Takinogawa**
**Kita Ku, Tokyo**
**Japan. 114 - 0023**



**Tel/Fax: 81 3-3949-3919**
**E-mail: sayarkway@gmail.com**
**koko@gol.com**



**၁၉၉၅ ခု အောက်တိုဘာလ မှစတင်၍ အပတ်စဉ်ထုတ်ဝေသည်**